# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှု လျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၇ | (ခ) မြို့နယ်တိုင်းတွင် မြို့နယ်လက်စွဲ စာအုပ်များ ထွက်ပေါ်လာရေးအတွက် လိုအပ်သော စီစဉ်ညွှန်ကြားမှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | (ဂ) ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင်ရှိသော မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက် ကျူးကျော်သူများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေး ဝန်ထမ်းများက ကျူးကျော်ခွင့် ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာ အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက်ကျေးရွာများ၊ ပင်လယ်ရေ လုပ်ငန်းခွင့်များတွင် တစ်နေ့တခြား ဆိုးရွားစွာ တိုးပွားဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးရောင်းဝယ်၊ ဖြန့်ဖြူးသုံးစွဲနေကြခြင်းကို အထူးစီမံချက်များ ရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |
| ၁၀ | ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၁၉ |

| | | |
|---|---|---|
| ၁၁ | ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၁ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၃၈ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၄ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## (၁၂)ရက်မြောက်နေ့ အစီအစဉ်

## [ ၁၅–၁၁–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြို့နယ်တိုင်းတွင် 'မြို့နယ်လက်စွဲ' စာအုပ်များ ထွက်ပေါ်လာစေရေးအတွက် လိုအပ်သော စီစဉ်ညွှန်ကြားမှုများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်ရှိသော မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက်ကျူးကျော်သူများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေး ဝန်ထမ်းများက ကျူးကျော်ခွင့် ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာ အရေးယူရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၏ **တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက် ကျေးရွာများ၊ ပင်လယ်ရေလုပ်ငန်းခွင်များတွင် တစ်နေ့တခြား ဆိုးရွားစွာ တိုးပွားဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါး ရောင်းဝယ်၊ ဖြန့်ဖြူး သုံးစွဲနေကြခြင်းကို အထူးစီမံချက်များ ရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်က တင်သွင်းသည့် **“ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဂ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဃ) ဦးတင်လှ၊ ခနေပြု မဲဆန္ဒနယ်၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(စ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
## (၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၆၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၃ ရက်၊
(၂) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၂ ရက်၊
(၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၄) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၁ ရက်၊
(၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၆) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊
(၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၉) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်နှင့်
(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်ဆန်းနိုင် ခွင့်၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တိုင်းပြည်အနာဂတ်အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တိုင်းပြည်ရဲ့အနာဂတ်အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များ သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ ၂၀၁၄ ခုနှစ် ပြည်ထောင်စုသန်းခေါင်စာရင်းမှာဖော်ပြထားတဲ့ မသန်စွမ်းမှုများနှင့်ပတ်သက်တဲ့ အချက်အလက်များအရ လူဦးရေ သန်း ၅၀၂၇၉၉၀၀ ရှိရာမှာ မသန်စွမ်းသူဦးရေဟာ ၂၃၁၁၂၅၀ ဦးရှိတာကြောင့် ရာခိုင်နှုန်းအားဖြင့်လည်း ၄.၆ ရာခိုင်နှုန်း

ရှိပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မသန်စွမ်းသူဦးရေရာခိုင်နှုန်းများအား Power Point ဖြင့်အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

Power Point မှာဖော်ပြထားတဲ့ဇယားများအရ ပြည်ထောင်စုရဲ့မြို့ပြနဲ့ကျေးလက်တို့ရဲ့ မသန်စွမ်းမှုအခြေအနေကိုကြည့်မယ်ဆိုလို့ရှိရင် မြို့ပြမှာ ၃.၆ ရာခိုင်နှုန်းနှင့်ကျေးလက်ဒေသတွေမှာ ၅.၀ ရာခိုင်နှုန်းရှိတာကိုတွေ့ကြရမှာဖြစ်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ အသက် ၆၀ နှင့်အထက် အပိုင်းအခြားကတော့ အသက်အရွယ်အရ အမြင်နှင့်အကြားချို့ယွင်းမှုကိုပါ ကောက်ယူခဲ့ဖွယ်ရှိတာကြောင့် ရာခိုင်နှုန်းများနေခြင်းဖြစ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအခုလိုတင်ပြတဲ့စာရင်းအနေအထားဟာ နိုင်ငံရဲ့အနာဂတ်ဖွံ့ဖြိုးရေးနှင့် လူမှုဘဝလုံခြုံရေးအတွက် အလွန်စိုးရိမ်ပူပန်နေမှုတို့ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် တိုင်းပြည်လူဦးရေရဲ့ ၃၆ ရာခိုင်နှုန်းကျော်ရှိတဲ့ အသက် ၃၀ မှ ၅၉ နှစ်ကြားအုပ်စုကြီးဟာ မသန်စွမ်းမှုရာခိုင်နှုန်း ၄.၉ ရာခိုင်နှုန်းရှိနေခြင်းဟာ ကျွန်မတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေလို့ဖြစ်ပါတယ်။ ဒီအုပ်စုကြီးဟာ တိုင်းပြည်ရဲ့အနာဂတ်ကို ပုံဖော်ထုစစ်မယ့် လုပ်သားအင်အားစုကြီးဖြစ်နေလို့ဖြစ်ပါတယ်။ ဒီကိန်းဂဏန်းများဟာ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းများအရဖြစ်ပြီး ယခုလက်ရှိအချိန်မှာလည်း လျော့ကျသွားဖွယ်မရှိပါဘူး။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မတို့တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေနှင့် တိုင်းပြည်ရဲ့ပဋိပက္ခအခြေအနေများကြား မသန်စွမ်းမှုအခြေအနေဟာ လက်ရှိမှာလည်းတိုးပွားနေဖွယ်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မသန်စွမ်းမှုဖြစ်ရတဲ့ အဓိကအကြောင်းနှစ်ချက်ရှိရာမှာ ပထမအချက်က မွေးရာပါမသန်စွမ်းမှုနှင့် ဒုတိယအချက်က လူတို့ရဲ့ပယောဂဖြစ်စဉ်ကြောင့်ဆိုပြီးရှိရာမှာ ဘယ်အကြောင်းကြောင့်ပဲဖြစ်စေကာမူ မသန်စွမ်းမှု၊ မသန်စွမ်းသူများအပေါ်မှာ ကျွန်မတို့သန်စွမ်းသူများက လူသားများပီပီတာဝန်ယူကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ တိုင်းပြည်ရဲ့အနာဂတ်အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျော့ချရေး၊ ကူညီထောက်ပံ့ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များအား သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှု လျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Right of Persons with Disabilities-UNCRPD)အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး သဘောတူစာချုပ်ပါအခွင့်အရေး တွေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေ (၂၀၁၅)ကိုလည်းကောင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာ(၂၀၁၆-၂၀၂၅)ကိုလည်းကောင်းပြဋ္ဌာန်းခဲ့ပြီးတော့ အဆိုပါပြဋ္ဌာန်းချက်များမှာ ကလေး သူငယ်များ မသန်စွမ်းဖြစ်မှုလျော့ကျစေရေးအတွက် ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုး တိုးတက်ခွင့်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများရရှိခံစား နိုင်စေရန် အထူးကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းဖော်ပြထားပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ တိုင်းပြည်ရဲ့ အနာဂတ်ကလေးသူငယ်များ မသန်စွမ်းဖြစ်မှုလျှော့ချရေးအတွက် အရေးကြီးတဲ့လုပ်ငန်းစဉ်များ ဆောင်ရွက်ဖို့ ပထမဦးစွာမသန်စွမ်းကလေးများရဲ့ အခြေအနေကို သိရှိနိုင်ရေးအတွက် ဆန်းစစ် လေ့လာမှုပြုလုပ်ပြီး ဆန်းစစ်မှုအစီရင်ခံစာကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်းမှာ ထုတ်ပြန် ကြေငြာနိုင်ခဲ့ပါတယ်။ အပြုအမူပိုင်းဆိုင်ရာပြဿနာရှိသော သို့မဟုတ် မသန်စွမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှအသက်ငါးနှစ်အထိရှိတဲ့ ကလေးငယ်များ၏ မိသားစုများအတွက် ဝန်ဆောင်မှုများပေးတဲ့ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး(Early Childhood Intervention-ECI) စနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်နေပြီး အဲဒီစနစ်အရ ကလေးသူငယ်တွေမှာ မသန်စွမ်းမှုဖြစ်နိုင်ခြေ ကာကွယ်လျှော့ချနိုင်ခြင်းနှင့် မသန်စွမ်းကလေးသူငယ်များအပေါ် မသန်စွမ်းမှု၏အကျိုးသက်ရောက် မှုတို့ကို စောစီးစွာသိရှိလျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတိုင်းတာ စစ်ဆေးပံ့ပိုးမှု(Early Childhood Intervention-ECI)လုပ်ငန်းစဉ်ကို ၂၀၁၈ ခုနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ပုသိမ်မြို့နယ် နှင့်ကန်ကြီးထောင့်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မုံရွာမြို့နယ်၊ အရာတော်မြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် မွန်ပြည်နယ်မှာရှိတဲ့ သထုံမြို့နယ်နှင့်ပေါင်မြို့နယ်စသည်ဖြင့် တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်တစ်ခုရှိ မြို့နယ်ရှစ်မြို့နယ်မှာ နေရာကိုးခုမှာ ECI Program Pilot project အနေနဲ့ စတင်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ၂၀၁၈-၂၀၂၀ ခုနှစ်တွင် နိုင်ငံနှင့်တစ်ဝန်း လွှမ်းခြုံနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းအားဖြင့် မသန်စွမ်းဖြစ်နိုင်ခြေကို ကြိုတင်သိရှိနိုင်ပြီး မသန်စွမ်းမှုများကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မိုင်းအန္တရာယ်နဲ့ပတ်သက်လို့လည်း ကလေးသူငယ်များ

ကာကွယ်စောင့်ရှောက်ရန် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာမှာ မိုင်းအန္တရာယ်ကြောင့် မသန်စွမ်းမှုလျှော့ချရေးကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်(၂၀၁၄ ခုနှစ် ဒီဇင်ဘာလ)မှာလည်းဖော်ပြထားတဲ့အတိုင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်(၈)ရပ် အနက်မှ မသန်စွမ်းသူများအား ကူညီထောက်ပံ့နိုင်ရန် မသန်စွမ်းသူများ ထောက်ပံ့ငွေပေးအပ်ခြင်း လုပ်ငန်းကို လုပ်ငန်းတစ်ခုအနေနဲ့ ထည့်သွင်းထားတာဖြစ်ပါတယ်။ အဲဒီ မဟာဗျူဟာစီမံချက်ပါ အတိုင်း နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်ရဲ့ဘတ်ဂျက် ရရှိငွေပေါ်မှာမူတည် ပြီးတော့ လစဉ်ထောက်ပံ့မှုကို ကလေးသူငယ်အရွယ်နှင့် အရွယ်ရောက်ပြီးမသန်စွမ်းသူတို့ကို မသန်စွမ်းအမျိုးအစား အပေါ်မူတည်ပြီးတော့ သက်ကြီးရွယ်အိုလူမှုရေးပင်စင်ပေးသလို အဆင့်ဆင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်မှာ အဓိကလုပ်ငန်းတစ်ခုဖြစ်တဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် နှစ်နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း အစီအစဉ်အရလည်း မသန်စွမ်းကလေး သူငယ်များရဲ့မိခင်များဟာ တစ်လကို ထောက်ပံ့ကြေးငွေကျပ် ၁၅၀၀၀ ရရှိမှာ ဖြစ်ပါတယ်။ အခြား အဓိကလုပ်ငန်းတစ်ခုဖြစ်တဲ့ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အစီအစဉ်အရလည်း မသန်စွမ်းကလေးသူငယ်တစ်ဦးမှာ အကျိုးခံစားခွင့်အဖြစ် တစ်လလျှင် ကျပ် ၁၆၀၀၀ ရရှိမှာဖြစ်ပြီး အရွယ်ရောက်ပြီးသူဖြစ်ပါက အသက် ၆၄ နှစ်အထိ တစ်လလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ပေးအပ် သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မိုင်းကြောင့်ထိခိုက်ခံစားရတဲ့သူများကိုလည်း ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မိုင်းအန္တရာယ် ကြောင့် ထိခိုက်ဒဏ်ရာရသူတွေကို ထောက်ပံ့ပေးခြင်းအနေဖြင့် ကချင်ပြည်နယ်မှာ ငါးဦး၊ ကယား ပြည်နယ်မှာ ခုနစ်ဦး၊ ကရင်ပြည်နယ်မှာ ရှစ်ဦး၊ ရှမ်းပြည်နယ်မှာ ၃၀ ဦး စုစုပေါင်း ၅၀ ဦးကို တစ်ဦးလျှင် ကျပ်နှစ်သိန်းဖြင့် ကျပ်သိန်းတစ်ရာထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီပြည်နယ် တွေအတွင်းမှာ ကျန်ရှိတဲ့မိုင်းထိမသန်စွမ်းသူများအားလုံးကို ဆက်လက်ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီး မိုင်းအန္တရာယ်အသိ ပညာပေးလုပ်ငန်းများ၊ အကူကိရိယာမပါဘဲသတင်းအချက်အလက်ကောက်ယူစုဆောင်းခြင်း (Non-Technical Survey-NTS)တို့ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ မသန်စွမ်းမှုအလိုက် မသန်စွမ်းကျောင်းရှစ်ကျောင်းတည်ထောင်ပြီး နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်နဲ့ မသန်စွမ်းသူများရဲ့ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်းပညာသင်ကြားရေးကိစ္စများ ဆောင်ရွက်နေသကဲ့သို့ အစိုးရဝန်ကြီးဌာနအချင်းချင်းသော်လည်းကောင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူ များအသင်းချုပ်နှင့် ပြည်တွင်းပြည်ပစေတနာ့ဝန်ထမ်းမသန်းစွမ်းအဖွဲ့များနှင့်လည်းကောင်း ချိတ်ဆက် ပြီး ကာကွယ်စောင့်ရှောက်မှုများ၊ ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိပါတယ်။

မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာ နည်းဥပဒေကြမ်း(မူကြမ်း)ကို ၂၀၁၇ ခုနှစ်၊ နိုင်ဝင်ဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားလာပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ထုတ်ပြန်နိုင်ရေးဆောင်ရွက် လျက်ရှိပါတယ်။ ဒါ့အပြင် မသန်စွမ်းသူများရဲ့ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများရဲ့

အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၇)က သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပေးပြီး ဖြစ်ပါတယ်။ အဆိုပါ ကော်မတီဖွဲ့စည်းမှုမှာ ဒုတိယဥက္ကဋ္ဌ(၁)ရဲ့နေရာမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂)ရဲ့နေရာမှာ မသန်စွမ်းသူများအသင်းချုပ်၏ ဥက္ကဋ္ဌအားလည်းကောင်း၊ မသန်စွမ်းသူအမျိုးအစားအလိုက် မသန်စွမ်းကိုယ်စားလှယ်အဖွဲ့များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ထည့်သွင်းဖွဲ့စည်းထားရှိပါတယ်။ ဒီလို မသန်စွမ်းသူများကိုယ်တိုင် ထည့်သွင်းဖွဲ့စည်းပြီး ပါဝင်ဆောင်ရွက်စေခြင်းဖြင့် တိုင်းပြည်အနာဂတ် အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျော့ချခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို ပိုမိုတိုးမြှင့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြို့နယ်တိုင်းတွင် မြို့နယ်လက်စွဲစာအုပ်များ ထွက်ပေါ်လာရေးအတွက် လိုအပ်သော စီစဉ်ညွှန်ကြားမှုများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေကြပါတယ်။ ဒီမိုကရေစီနိုင်ငံဆိုတာ အားလုံးသိတဲ့အတိုင်းပဲ Government For the People, By the People, Of the People ပါ။ ဗမာလိုဆိုရင်တော့ ပြည်သူ တွေအတွက် ပြည်သူတွေက သူတို့ရဲ့အရေးအရာတွေကို ကိုယ်တိုင်စီမံခန့်ခွဲတဲ့ ပြည်သူ့အစိုးရစနစ် ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့အစိုးရစနစ်ဖြစ်ဖို့ဆိုရင် ကျွန်တော်တို့ ပြည်သူတွေဟာ ကိုယ့်ကမ္ဘာ ကိုယ်ဖန်တီးနိုင်ဖို့အတွက် အသိဉာဏ်ပညာဗဟုသုတနှင့် ကြွယ်ဝတဲ့ အကြားအမြင်ဗဟုသုတနဲ့ ကြွယ်ဝတဲ့ ပြည်သူတွေဖြစ်ဖို့လိုအပ်ပါတယ်။ အဲ့လိုဖြစ်ဖို့အတွက် ကျွန်တော်တို့ ပြည်သူတွေကို ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်၊ အစိုးရတွေဟာ ပြည်သူတွေကို ဒီလို အမြဲတမ်း Warm Inform Personal ဖြစ်နေအောင် ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ အဲဒီတော့ ဒီမိုကရေစီခေတ်မှာ ပြည်သူတွေဟာ သူသိသင့်သိထိုက်တဲ့အရာတွေကို သိဖို့အခွင့်အရေး ရှိပါတယ်။ ဒါဟာ ပြည်သူတွေအတွက် life to Know ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကျွန်တော်တို့ ပြည်သူတွေဟာ သူတို့ရဲ့ဒေသ၊ သူတို့ရဲ့နိုင်ငံ၊ သူတို့ရဲ့ရပ်ကွက်၊ သူတို့ရဲ့ကျေးရွာ ဖွံ့ဖြိုးဖို့ဆိုရင် အနည်းဆုံးသူတို့ဟာ သူတို့အဲဒီဒေသရဲ့ အကြောင်းအချင်းအရာတွေအကုန်လုံးကို အစစအရာရာ အကုန်လုံး အပ်ကျမပ်ကျ သိနေဖို့လိုပါတယ်။ အဲဒီတော့ ကျေးရွာတစ်ရွာမှာဆိုရင် ဒီကျေးရွာဟာ အကျယ်အဝန်းဘယ်လောက် ရှိလဲ။ လူဦးရေးဘယ်လောက်ရှိလဲ။ ကျား/မဘယ်လောက်ရှိလဲ။ လူငယ်ဘယ်လောက်ရှိလဲ။ စာသင်ကျောင်းတွေဘယ်လောက်ရှိလဲ။ ဆေးပေးခန်းတွေဘယ်လောက်ရှိလဲ။ ဘေးကပတ်ဝန်းကျင်က ဘယ်ရွာတွေနဲ့ ဆက်စပ်နေသလဲ။ ဒါမျိုးတွေကအစ အကုန်လုံး။ နောက်တစ်ခါ သူတို့ကို အုပ်ချုပ်စီမံခန့်ခွဲနေတဲ့ အုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေ၊ ဆယ်အိမ်မှူးတွေ သူတို့တွေရဲ့ နာမည်တွေ၊ ဖုန်းနံပါတ်

တွေ၊ ဒီလို Data အချက်အလက်တွေအကုန်လုံးကို သိရှိဖို့လိုပါတယ်။ ဒါမှသာလျှင် ပြည်သူတွေဟာ သူတို့ရဲ့ ကျေးရွာဒေသ၊ မြို့ရွာ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာဆိုလို့ရှိရင် RND ဆိုတဲ့စကားလုံး ရှိပါတယ်။ Research and Development။ Research လုပ်ပြီးတော့မှ Development ကိုသွားနိုင်မှာ ဖြစ်ပါတယ်။ Research လုပ်ဖို့ဆိုရင် ကျွန်တော်တို့က Started ရှိဖို့လိုပါတယ်။ Figure တွေလိုပါတယ်။ Figure တွေဟာ အမှန်ရှိဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်မှာ မြို့နယ်တိုင်းမှာ ဒီကိစ္စတွေနှင့် ပတ်သက်ပြီးတော့ အသေးစိတ်အချက်အလက်တွေပါတဲ့စာအုပ်ပေါ့။ ကျွန်တော်တို့ Township, Handbook ပဲဆိုဆို Township Diaries ပဲခေါ်ခေါ် အဲလိုစာအုပ်မျိုးတွေရှိဖို့က မလွဲမသေလိုအပ်နေပါတယ်။ ဒါဟာ တချို့သော မြို့နယ်အာဏာပိုင်တွေကတော့ ပြောပါတယ်။ သူတို့ဆီမှာရှိပါတယ်။ လာကြည့်လို့ရပါတယ်။ ဒီလိုကျွန်တော်တို့ ပြောလို့ မရပါဘူး။ ပြည်သူတွေအားလုံးရဲ့ လက်ထဲကို ကျွန်တော်တို့က Purposive လုပ်ပေးရမှာပါ။ ပြည်သူအားလုံးက သူတို့မြို့နယ်အတွက်၊ သူတို့ရဲ့ ဒေသအတွက် ရေးသားထားတဲ့ စာအုပ်တွေ၊ မြေပုံတွေ အဲ့ဒါတွေအကုန်လုံးကို မည်သူမဆို စိတ်ဝင်စားရင် ဝယ်ယူခွင့်ရှိတဲ့ စာအုပ်တစ်အုပ် ဒီလိုစာအုပ်မျိုးဟာ မလွဲမသေလိုအပ်ပါတယ်။ အဲဒီတော့ ဒါနောက် ကျွန်တော်တို့ E- Government ဘာညာဆိုတဲ့ကိစ္စတွေလည်း ရှိပါတယ်။ နောက်ပိုင်းမှာသာ Click တစ်ချက်နှိပ်လိုက်တာနဲ့ မြို့နယ်နှင့်ပတ်သက်တဲ့ အချက်အလက်တွေအကုန်လုံးရမယ်ဆိုတာ ဒါလည်း မှန်ပါတယ်။ သို့သော်လည်း ဒီအခြေအနေရောက်ဖို့က ကျွန်တော်တို့က အဝေးကြီးသွားရမှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့က Print Media နဲ့ပဲ သွားကြရအုံးမှာဖြစ်ပါတယ်။ အဲဒီတော့ တကယ်လို့များ မြို့နယ်က အုပ်ချုပ်ရေးမှူးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက ပေါင်းစပ်ပြီးတော့ ဒီလိုအချက်အလက်တွေပါတဲ့ စာအုပ်တစ်အုပ်ကို ပြုစုပြီးတော့ နှစ်စဉ်ထုတ်ဝေမယ်ဆိုလို့ရှိရင် စရိတ်ကပါအစ သူတို့ရဲ့ နိုင်ငံတော်ကကုန်ကျစရာ မလိုဘဲနဲ့ မြို့နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ လုပ်ငန်းရှင်တွေကသူတို့ရဲ့ ဒီစာအုပ်မှာ သူတို့ရဲ့လုပ်ငန်းအကြောင်းတွေကြော်ငြာကြမယ်။ သူတို့ရဲ့ လုပ်ငန်းတွေအကြောင်းကို ပြည်သူတွေသိအောင်လို့ ကြော်ငြာကြမယ်ဆိုရင် ဒီကနေပြီးတော့ ဝင်ငွေတွေဝင်လာစရာရှိပါတယ်။ ကျွန်တော်တို့ အုပ်ချုပ်ရေးအာဏာပိုင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ ကျွန်တော်တို့က ဦးဆောင်မှုလုပ်ပေးဖို့ပဲလိုပါတယ်။ အဲဒီတော့ တကယ်လို့ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ဒါပြည်သူတွေ၊ လုပ်ငန်းရှင်တွေက ဝမ်းသာကြမှာပါ။ နောက်နှစ်တိုင်းနှစ်တိုင်းမှာလည်း အဲဒီလို နောက်တစ်နှစ်ပြည့်တာနဲ့ လိုအပ်တဲ့အသစ်ပေါ်လာတဲ့ အချက်အလက်တွေ အကုန်လုံး Update လုပ်သွားပြီးတော့ တစ်ဆင့်တစ်ဆင့်တိုးမြှင့်သွားမယ်ဆိုလို့ရှိရင် ဒီစာအုပ်က ကျွန်တော်တို့ မြို့နယ်တိုးတက်ရေး၊ ကျေးရွာတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက်ကို အင်မတန်အသုံးဝင်တဲ့ စာအုပ်တစ်အုပ်ဖြစ်လာမှာပါ။ ဒါကြောင့်မို့လို့ ဒီလိုစာအုပ်မျိုးကို ကျွန်တော်တို့ မြို့နယ်မှာ မြို့နယ်တိုင်းကရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေက ဦးဆောင်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လမ်းညွှန်ကြီးကြပ်မှုနဲ့ ဆောင်ရွက်ပေးဖို့အတွက် အစီအစဉ်ရှိ/မရှိဆိုတာကို ကျွန်တော်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင် ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို ပြည်သူကိုဗဟိုပြု၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ နယ်မြေဒေသရဲ့အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များဟာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အခြေခံကျပြီး လွန်စွာအရေးပါတဲ့အတွက်ကြောင့်မို့လို့ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ်အဆင့်ဆင့်ရဲ့ ဒေသဆိုင်ရာအချက်အလက်များကို အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းပြီးနှစ်စဉ် Up To Date ရေးဆွဲပြုစုဆောင်ရွက်လျက်ရှိပါတယ်။ ဒေသဆိုင်ရာအချက်အလက်စာအုပ်ကို အခန်း(၁) နိဒါန်းနှင့် ဒေသသမိုင်းအကျဉ်း၊ အခန်း(၂) ပထဝီဝင်အနေအထား၊ အခန်း(၃) ရာသီဥတုနှင့်သဘာဝပတ်ဝန်း ကျင်၊ အခန်း(၄) လူဦးရေဆိုင်ရာအချက်အလက်များ၊ အခန်း(၅) အုပ်ချုပ်ရေးဆိုင်ရာအချက်အလက် များ၊ အခန်း(၆) စီးပွားရေးဆိုင်ရာအချက်အလက်များ၊ အခန်း(၇) လူမှုရေးဆိုင်ရာအချက်အလက်များ၊ အခန်း(၈) ဘာသာရေးနှင့်သမိုင်းဝင်အဆောက်အဦများ၊ အခန်း(၉) ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက် အလက်များ၊ အခန်း(၁၀) အထွေထွေတို့ဖြင့် ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ဒေသဆိုင်ရာ အချက်အလက်များ စုစည်းပြုစုရာမှာ အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေး နယ်မြေနှင့်တည်နေရာနှင့်သဘာဝပတ်ဝန်းကျင်အခြေအနေ၊ မြို့နယ်အတွင်းမှာရှိတဲ့ လူဦးရေတည်ရှိ ပျံ့နှံ့မှုများ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအင်အားများ၊ တရားစီရင်ရေးနှင့် ပတ်သက်တဲ့အချက် အလက်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အင်အားစာရင်း၊ မီးသတ်နှင့်အခြားတပ်ဖွဲ့ဝင်များ ဖြန့်ခွဲမှုအခြေ အနေများပါ ထည့်သွင်းပြုစုထားရှိပါတယ်။ ဒါ့အပြင် မြို့နယ်နယ်မြေအတွင်းမှာ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကို သိရှိနိုင်ဖို့အတွက် နိုင်ငံရေးပါတီများ၊ ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုများ၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုများကို လွယ်ကူစွာစီမံဆောင်ရွက်နိုင်ဖို့အတွက် မြေအသုံးချမှု၊ ဆည်မြောင်းတာတမံများ တည်ဆောက်မှုနှင့် ရေပေးဝေနိုင်မှုအခြေအနေများ၊ သစ်တောထွက်ပစ္စည်း များ၊ ကြိုဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ တွင်းထွက်နှင့်ဓာတ်သတ္တုထုတ်လုပ်မှုအခြေအနေများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုအခြေအနေတွေကိုပါ ထည့်သွင်း ပြုစု ထားရှိပါတယ်။ ဒါ့အပြင် နယ်မြေဒေသရဲ့စီးပွားရေးအခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည့် လုပ်ငန်းများ၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ လူတစ်ဦးချင်း ဝင်ငွေ များကိုလည်းကောင်း၊ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများကိုလည်းကောင်း၊ လွယ်ကူစွာသိရှိနိုင်ပြီး ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ဆင်းရဲချမ်းသာကွာဟမှုနည်းစေရန်နှင့်

မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုလည်း ထည့်သွင်းပြုစုထားရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များရဲ့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုခရီးစဉ်တွေမှာ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေနဲ့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများရဲ့ လိုအပ်တဲ့အချက်အလက်တွေကို အချိန်တိုအတွင်း သိရှိနိုင်ပြီး ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ ဒေသရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အများပြည်သူအကျိုးစီးပွားနှင့် ပတ်သက်တဲ့ ကိစ္စများအတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို ဦးစားပေးလုပ်ငန်းအစီအစဉ်အလိုက် တင်ပြတောင်းခံခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့သော်လည်း ဒေသဆိုင်ရာ အချက်အလက်မှာပါရှိတဲ့ အချို့သောအချက်အလက်တွေဟာ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးဆက်စပ်ပြီး ရေးသားထားတာဖြစ်တဲ့အတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ဖွယ်ရှိတဲ့အတွက်ကြောင့်မို့လို့ ထိုသို့သော အချက်အလက်များကို ကန့်သတ်ပြီး ကျန်တဲ့အချက်အလက်တွေကို အများပြည်သူအချိန်မရွေး လေ့လာသိရှိနိုင်ဖို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)ရဲ့ Website ဖြစ်တဲ့ WWW.gad.gov.mm မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်များရဲ့အချက်အလက်များကို လွှင့်တင်ပေးလျက်ရှိတဲ့အပြင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် Website များမှာလည်း လွှင့်တင်ထားလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ မြို့နယ် ၃၃၀ ရှိတဲ့အနက် ၂၅၃ မြို့နယ်ရဲ့ အချက်အလက်တွေအားလုံးကို Website မှာ လွှင့်တင်ထားပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိတဲ့ မြို့နယ်များအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းလေး မေးပါရစေ။ ဒုတိယဝန်ကြီးဖြေကြားသွားတာ သိပ်ကောင်းပါတယ်။ ဒါပေမဲ့ အင်မတန်ကောင်းတဲ့အချက်အလက်တွေပါ။ ခုနက ကျွန်တော်မေးခွန်းမှာပဲ ပါသွားတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့က ဒီ Website ဆိုတဲ့ ကိစ္စဟာ ကျွန်တော်တို့ ပြည်သူအများစုနဲ့ကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် သိပ်မရင်းနှီးသေးပါဘူး။ ဒါကြောင့်မို့လို့ ခုနကပြောတဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့ဆိုင်တဲ့ လုံခြုံရေးအတွက် အားလုံးကို ကျွန်တော် Purposive လုပ်လို့မရတဲ့အချက်အလက်တွေ။ ဒါတွေကိုလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ဒီအချက်တွေကို ဖယ်ပြီးတော့ ကျွန်တော်တို့က Purposive လုပ်ဖို့ ခုနက ကျွန်တော်တို့ရဲ့ မြို့မှာရှိတဲ့ လုပ်ငန်းရှင်တွေနဲ့ ကျွန်တော်တိုင်ပင်ကြည့်တဲ့အခါမှာ သူတို့ဟာ ဒီစာအုပ်သာထွက်လာလို့ရှိရင် သူတို့ ဒီစာအုပ်ကို သူတို့ကြော်ငြာထည့်မယ်။ အဲဒီမှာ ကုန်ကျတဲ့ဟာ စရိတ်က အကုန်လုံးဟာ သူတို့က ဘဲစားဘဲကျေဖြစ်သွားတယ်ဆိုတဲ့ဟာလည်း သူတို့ကပြောကြပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တွေတောင်မှ ဒီလိုစာအုပ်မျိုး လက်စွဲမရှိကြပါဘူး။ Website ဆိုတာက ခုနကပြောသလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များပင်လျှင် တချို့က IT နည်းပညာကို ကျွမ်းကျွမ်းကျင်ကျင်မသုံးချနိုင်သေးတာရှိပါတယ်။ သို့သော် နောင်တော့ ကျွန်တော်တို့က အသုံးချလာနိုင်မှာပါ။ လောလောဆယ်ဆယ်မှာ ကျွန်တော်တို့က အခုက ရန်ကုန် Directoires၊

တယ်လီဖုန်း Directoires၊ မြန်မာပြည်ခရီးသွားလမ်းညွှန် အဲလိုစာအုပ်မျိုးတွေ ထုတ်ဝေပြီးတော့ ဒီလိုအများပြည်သူကို ရောင်းချ နိုင်တဲ့အနေအထား ဘာကြောင့်မရှိရတာလဲ။ ဒါဟာ ဘာဖြစ်လို့ မလုပ်နိုင်သေးတာလဲ။ ကျွန်တော် အခုနကပြောတဲ့ အရင်းအမြစ်တွေလည်း ရှိပါသေးရဲ့သားနဲ့ ဒီလိုမလုပ်နိုင်ဘူးဆိုရင် ဘာကြောင့်လဲ ဆိုတာလေးကို ကျွန်တော်သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါတဲ့ ဒီစာအုပ်ထုတ်ဝေရေးနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီ အစိုးရအားလုံးရဲ့ သဘောထားလည်း ကျွန်တော်တို့ရယူမေးမြန်းခဲ့ပါတယ်။ ရယူခဲ့တဲ့အခါမှာ ကျွန်တော်တို့ ဒီစာအုပ်ထုတ်ဝေတဲ့အခါမှာ ခုနကပြောတဲ့ ကုန်ကျစရိတ်တွေ ပါရှိလာမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလို ဒါကို ကျွန်တော်တို့က ကြော်ငြာတွေထည့်သွင်းပြီးထုတ်ဝေမယ်ဆိုရင်လည်း ကျွန်တော်တို့ ဒီပြုစုထားတဲ့အချက်အလက်တွေဟာ ဒီလိုမျိုး မဂ္ဂဇင်းတစ်စောင်လို ထုတ်ဝေသင့်တဲ့စာအုပ်မျိုးလည်းမဟုတ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ပြည်သူလူထုတစ်ရပ်လုံး လွယ်ကူစွာသိရှိနိုင်ဖို့အတွက် ဒီနေ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မူလမေးခွန်းမှာပါတဲ့အတိုင်းပဲ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ကျွန်တော်တို့ ကြည့်လို့ရတဲ့အခြေအနေဖြစ်အောင် ကျွန်တော်တို့ မေးခွန်းမရခင်ကတည်းက ဒီ Website ထုတ်လွှင့်လုပ်ငန်းစဉ်တွေကို အလေးအနက်ထားလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့အပတ်ထိဆိုရင် မြို့နယ်ပေါင်း ၉၀ အထိပဲ ကျွန်တော်တို့ လွှင့်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း မနေ့ကအထိ ကျွန်တော်တို့ပြန်ပြီးဆောင်ရွက်တဲ့အခါမှာလည်း ၂၄၀ ကျော် ကျွန်တော်တို့ ဆောင်ရွက်ပြီးတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ သဘောထားနှင့် ကျွန်တော်တို့ ပြည်ထောင်စုအစိုးရကို ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ပြည်ထောင်စုအစိုးရကို ဦးတည်ခဲ့ပြီးမေးတာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရရဲ့ သဘောထားလည်း ရယူဆောင်ရွက်ခဲ့ပါတယ်။ ရယူဆောင်ရွက်တဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ ဒီစာအုပ်ဟာ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ကန့်သတ် ရန်လိုအပ်တဲ့အချက်အလက်တွေကို ချန်ပြီးတော့ ကျန်တာတွေအားလုံးကို ကျွန်တော်တို့ Website တွေမှာ အသိပေးနိုင်ရေး ဆောင်ရွက်သွားရန်ဆိုတဲ့ အစိုးရရဲ့ လမ်းညွှန်ချက်နှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စာအုပ်ထုတ်ဝေခြင်းဆိုတာထက် Website မှာတင်ခြင်းဟာ ပိုမိုလွယ်ကူစွာသိရှိနိုင်မှာဖြစ်ပါတယ်။ စာအုပ်ကိုတော့ ကျွန်တော်တို့က မူလက ခုနက တင်ပြသလိုပဲ မဂ္ဂဇင်းများထုတ်ဝေသလို ကြော်ငြာများနှင့်ထုတ်ဝေသင့်တဲ့ အချက်အလက်များလည်း မဟုတ်တဲ့ အတွက်ကြောင့်မို့လို့ ဒီစာအုပ်ထုတ်ဝေမှုလုပ်ငန်းစဉ်ကို ကျွန်တော်တို့ဆောင်ရွက်ခြင်း မရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်ရှိသော မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက်ကျူးကျော်သူများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာစည်ပင်သာယာရေး ဝန်ထမ်းများက ကျူးကျော်ခွင့် ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာအရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မြေကွက်လပ်များကို စီးပွားရေးအရဝင်ရောက် ကျူးကျော်သူ၊ သူဌေးကျူးကျော်သူများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ စည်ပင်သာယာဝန်ထမ်းများမှ သိလျက်နှင့်ကျူးကျော်ခွင့်ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာအရေး ယူပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက အဘယ်သို့အရေးယူပေးမည်၊ အရေးယူပေးရန်အစီအစဉ်မရှိပါက အဘယ့်ကြောင့်နည်း သိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးတွင် နေစရိတ်အကုန်ကောင်းသော ကြောင့် အများပိုင်မြေများ၊ ရေစက်ကွက်များ၊ ကလေးကစားကွင်းများ၊ လမ်းများ၊ အကွက်အမှတ် ဖောက်ထားသော်လည်း အရန်ချထားပေးခြင်းမရှိသောမြေကွက်များကို ငွေကြေးတတ်နိုင်သူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်း၍သော်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍သော်လည်းကောင်း ဝင်ရောက်ကျူးကျော်ကာ အခိုင်အမာ အဆောက်အအုံဆောက်လုပ်ခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်းကို အတင့်ရဲစွာပြုလုပ်ဆောင်ရွက် နေသည်ကို တွေ့ရှိရပါသည်။ ထိုကျူးကျော်တရားမဝင် ဝင်ရောက်မှုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ အခကြေးငွေ၊ အဂတိလိုက်စား၍ ခွင့်ပြုပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက လည်း အဂတိလိုက်စား၍အရေးယူခြင်းမရှိဘဲ ကျူးကျော်မှုကိုခွင့်ပြုနေပါသဖြင့် ထိုရပ်ကွက်အုပ်ချုပ် ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်ရာဝန်ထမ်းများကို ထိရောက်စွာအရေးယူ ပေးရန် လိုအပ်ပါသည်။ ဒီမေးခွန်းကိုမေးတဲ့အခါမှာ ကျွန်တော်က ရမ်းသမ်းမေးတာမဟုတ်ပါဘူး။ ကျွန်တော့်မှာအထောက်အထားအပြည့်အစုံရှိပါတယ်။ တချို့ဆိုလို့ရှိရင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်က အဲဒီကျူးကျော်မြေကွက်ကို နောက်တစ်ဦးကို ရောင်းတဲ့အခါမှာ သူကအသိသက်သေ အဖြစ် လက်မှတ်ထိုးပေးထားတဲ့စာရွက်လိုမျိုးတွေကို ကျွန်တော်တို့ အထောက်အထားဖြင့် ရရှိထားပါ တယ်။ နောက်တစ်ခုက ဒီမြေတွေဟာ နိုင်ငံပိုင်မြေတွေပါ။ နိုင်ငံရဲ့မြေတွေဖြစ်တဲ့အတွက် တန်ဖိုးရှိပါ တယ်။ ဒီခေတ်မှာမြေတစ်ကွက်က သိန်းထောင်နဲ့ချီတန်တဲ့မြေကွက်မျိုးတွေတောင်ရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ ဘတ်ဂျက်လိုငွေပြနေတယ်။ ဘတ်ဂျက်လိုငွေပြနေတဲ့အခါမှာ မသမာတဲ့သူတွေ က ဒီလိုနိုင်ငံပိုင်မြေတွေကိုဝင်တယ်။ ကာလကြာရှည်ကျတော့ သူတို့ပိုင်သလိုဖြစ်သွားတယ်။ နောက်ပိုင်းမှာ သူတို့ဂရန်လျှောက်ပြီးယူသွားတယ်။ ဒီလိုမျိုးလုပ်ကြပါတယ်။ အဲဒီအခါကျတော့ ဒီမြေ

တွေကိုသာ အကယ်၍ အသုံးမချနိုင်သေးဘူး၊ ချပေးရမယ့်လူမရှိသေးဘူးဆို လေလံတင်ရောင်းချမယ် ဆိုရင်လည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်လိုငွေကို အထိုက်အလျောက်ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အထောက်အထားနဲ့တွေ့တဲ့အခါမှာ တိုင်ကြားပါတယ်။ တိုင်ကြားသော်လည်း ထိရောက်စွာအရေးယူပေးခြင်းမရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်းအရ ဌာနဆိုင်ရာမြေပေါ်တွင် ကျူးကျော်နေသူများနှင့် ပုဂ္ဂလိကပိုင်မြေပေါ်တွင် ကျူးကျော်နေသူများဟူ၍ ခွဲခြားပြီး စာရင်းကောက်ခံထားရှိပါတယ်။ အဆိုပါကျူးကျော်နေထိုင်သူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ ကျူးကျော်နေထိုင်သူများစာရင်းတွေကို ကောက်ယူပြီး ကျူးကျော်သက်သေခံလက်မှတ်(Smart Card)များကို မြို့နယ်အလိုက် ထုတ်ပေးထားရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ မြို့နယ်တွေမှာ မြေကွက်လပ်တွေမှာ မည်သည့်ပုဂ္ဂိုလ်တစ်ယောက်မှ တရားဝင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းများ ဆောင်ရွက်ခြင်းမရှိစေဖို့အတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအပါအဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များနဲ့ ဒေသခံပြည်သူများအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်းမှာ ကျူးကျော်နေအိမ်ဆောက်လုပ်မှုကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ခွင့်ပြုနေပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး မှန်ကန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးကို တာဝန်မှရပ်စဲသည်အထိလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းမှ ကျူးကျော်မှုနှင့်ပတ်သက်၍ ခွင့်ပြုနေပါက အဆိုပါဝန်ထမ်းကို သက်ဆိုင်ရာဌာနမှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ထပ်မံကျူးကျော်မှုရှိပါက တစ်တဲကျူး တစ်တဲရှင်းစနစ်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီးတော့ မြို့နယ်များအတွင်းမှာရှိတဲ့မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက်ကျူးကျော်သူများရှိပါက မြေပိုင်ဆိုင်မှုအခြေအနေအရ ပုဂ္ဂလိကပိုင်မြေပေါ်မှာကျူးကျော်နေရင် မြေပိုင်ရှင်များမှ တရားဥပဒေနှင့်အညီ တရားစွဲဆိုခြင်းလည်းကောင်း၊ ဌာနပိုင်မြေဖြစ်ပါက သက်ဆိုင်ရာဌာနများရဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆို၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးပိုင်မြေဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီမှ ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သို့ပါ၍

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့မြို့နယ်တွေမှာ မြေကွက်လပ်များ၌ ဝင်ရောက်ကျူးကျော်သူများနှင့်စပ်လျဉ်းပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ပါဝင်ပတ်သက်မှုများရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ အခုလိုဖြေကြားပေးတဲ့ ပြည်ထဲရေး ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတာက Smart Card ထုတ်ပေးတဲ့ ဆင်းရဲသားကျူးကျော်သူတွေမေးတာမဟုတ်ပါဘူး။ Smart Card ထုတ်ပေးထားတာ ကျွန်တော်တို့သိပါတယ်။ ဒါတွေက ဆင်းရဲသားကျူးကျော်တဲထိုးပြီးနေတဲ့သူတွေ၊ ကျွန်တော်က တိုက်ဆောက်ပြီးနေတဲ့သူတွေ၊ ခြံနဲ့ဝင်းနဲ့အနည်းဆုံး မြေကွက်ကို အခိုင်အမာတိုက်တွေ တချို့ဆိုရင် သုံးထပ်တိုက်ထိဆောက်ထားတယ်။ တချို့ နှစ်ထပ်တိုက်ဆောက်တယ်။ တချို့ကတော့ တစ်ထပ်တိုက် အဲဒီလိုအဆောက်အအုံတွေနဲ့ပတ်သက်ပြီး ကျွန်တော်အကြိမ်ကြိမ်တိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ထိ အရေးယူခြင်းမရှိပါဘူး။ ဥပမာပြောရမယ်ဆိုရင် ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာရှိတဲ့ အိမ်တွေ ကျူးကျော်တာကို ကျွန်တော်က တိုင်တဲ့အခါမှာ ရှင်းလင်းဖယ်ရှားပေးပါမယ်ဆိုတော့ သူက ဘယ်အချိန်ဖယ်ရှားပေးမလဲလို့မေးတဲ့အခါမှာ စီမံချက်ချပြီးအများနှင့်အတူ ရှင်းတဲ့အခါကျရင် ဖယ်ပေးပါမယ်လို့ ဖြေပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့က ပြောတဲ့အခါမှာဒီရပ်ကွက်ထဲမှာ အခိုင်အမာကျူးကျော်နေတာကို ခုနက တာဝန်ရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့စည်ပင်ဝန်ထမ်းတွေက သိလျက်နဲ့ခွင့်ပြုထားတာကို အရေးယူဖို့ အစီအစဉ်ရှိ/မရှိ၊ အမှန်မှာ ဌာနဆိုင်ရာက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက် စာရင်းများအရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိကို ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်းမှာ ရှိတဲ့ မြို့နယ် ၃၇ မြို့နယ်အတွက် ကျွန်တော်တို့ ကျူးကျော်စာရင်းများ ကောက်ယူခဲ့ပါတယ်။ ဒီလို ကျူးကျော်စာရင်းကောက်ယူတဲ့အခါမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါတဲ့ ဆင်းရဲသားများကျူးကျော်တဲ့အနေအထားတစ်ခုထဲတင်မဟုတ်ပါဘူး။ မြို့နယ်အားလုံးမှာရှိတဲ့ အစိုးရပိုင်မြေ အပါအဝင် ကျူးကျော်အဖြစ် သတ်မှတ်ထားတဲ့အိမ်ရာစာရင်းတွေကို ကောက်ယူထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒဂုံမြို့သစ်နဲ့ပတ်သက်လို့ရှိရင် မြောက်ဒဂုံမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဇွန်လ ၈ ရက်နေ့ထိ စာရင်းဇယားအရ စုစုပေါင်း ကျူးကျော်စာရင်း ၃၁၈၉ ဦးရှိပါတယ်။ ကျွန်တော်တို့ ဒီထဲမှာ လူဦးရေစုစုပေါင်း ၁၂၇၇၂ ဦးရှိပါတယ်။ ရန်ကုန်တိုင်းတစ်တိုင်းလုံးမှာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ၃၇ နေရာမှာ ကျူးကျော်အိမ်ထောင်စု စုစုပေါင်း ၁၁၅၃၄၅ စုရှိပါတယ်။ လူဦးရေအားဖြင့်ဆိုရင် ၄၇၀၀၀ ကျော်ရှိပါတယ်။ ဒီစာရင်းတွေဟာ ကျွန်တော်တို့ တစ်တိုင်းလုံးရဲ့အစိုးရပိုင်မြေတွေ ဒါတွေမှာ

ကျူးကျော်ထားတဲ့စာရင်းတွေကို ကောက်ယူထားခြင်းဖြစ်ပါတယ်။ ဒါကိုလည်း တိုင်းဒေသကြီးအစိုးရကနေပြီး ကျူးကျော်အားလုံးကို စီမံချက်နဲ့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ပြေးညီ စီစဉ်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် တစ်အိမ်ချင်းတစ်တဲချင်းကို ထပ်မံမကျူးကျော်အောင်တော့ ကျွန်တော်တို့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျူးကျော်ပြီးသားဟာတွေကိုတော့ စီမံချက်နှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ⊡ဋ္ဌ**။ ။ တကယ်လို့ အထောက်အထားနဲ့မြေကွက်နဲ့ ကျူးကျော်တဲ့လူတွေရဲ့ပုဂ္ဂိုလ်နဲ့ ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာတိုင်းအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းတွေကို အထောက်အထားခိုင်ခိုင်လုံလုံနဲ့ပို့ပါ။ ပို့ပြီးတဲ့အခါမှာ နိုင်ငံတော်မှာ တာဝန်ရှိတဲ့လူကြီးတွေဆီကိုလည်း သက်ဆိုင်ရာတွေကို ဒီလိုပို့ထားတဲ့အတွက်ကြောင့် မိတ္တူပေးပြီး တော့ အဲဒီလို တစ်မှုချင်းတစ်မှုချင်းကို အထောက်အထားလေးတွေနဲ့ ဖော်ထုတ်ပြီးတော့ ကိုယ်စားလှယ်တွေအနေနဲ့ ဆောင်ရွက်ပေးရင် ကျွန်တော်ထင်တယ် ပိုပြီးတော့ တိကျမှန်ကန်မြန်ဆန် လိမ့်မယ်။ ဒီမှာမေးရင်တော့ အခုလိုပဲ အားလုံးနဲ့ခြုံမေးရင် အားလုံးနဲ့ခြုံပြီးပဲ သက်ဆိုင်ရာ အစိုးရအဖွဲ့ ကလည်း ဖြေကြားပေးမှာပဲ။ Case by Case တစ်ခုချင်းတစ်ခုချင်းကို အထောက်အထားနဲ့ သက်ဆိုင်ရာ၊ ရန်ကုန်တိုင်းဆိုလည်း ရန်ကုန်တိုင်းအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့တွေကို တိတိကျကျတင်မယ်ဆိုရင်လည်း တင်ပြီးတဲ့အခါမှာ နိုင်ငံတော်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကို မိတ္တူပေးပြီးတော့ အဲလိုလေးတွေလည်း တင်ပြစေချင်ပါတယ်။ ကျွန်တော် တို့ကိုယ်စားလှယ်တွေနဲ့။ ဒါမှလည်း မှန်မှန်ကန်ကန်ဖြစ်မှာဖြစ်ပါတယ်။

**တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက်ကျေးရွာများ၊ ပင်လယ်ရေလုပ်ငန်းခွင်များတွင် တစ်နေ့တခြားဆိုးရွားစွာ တိုးပွားဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးရောင်းဝယ်၊ ဖြန့်ဖြူးသုံးစွဲနေကြခြင်းကို အထူးစီမံချက်များ ရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဘုတ်ပြင်းမြို့နယ်အပါအဝင် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက်ကျေးရွာများနှင့် ပင်လယ်ရေလုပ်ငန်းခွင်များတွင် တစ်နေ့တခြားဆိုးရွားစွာတိုးပွား ဖြစ်ပေါ်နေတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်၊ ဖြန့်ဖြူးသုံးစွဲနေကြခြင်းကို တပ်မတော်(ရေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ

ရဲတပ်ဖွဲ့တို့ အတူတကွပူးပေါင်းပြီး အထူးစီမံချက်များရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သို့စီမံထားရှိသည်နှင့် မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်း တဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဘုတ်ပြင်းမြို့နယ်အပါအဝင် တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်များရဲ့ပင်လယ်ရေလုပ်ငန်းခွင်များအတွင်းမှာ ဘိန်းစာမှုန့်၊ WY စိတ်ကြွရူးသွပ်ဆေးပြား၊ Ice ရေခဲမူးယစ်ဆေးဝါး ရောင်းဝယ်၊ ဖြန့်ဖြူးသုံးစွဲနေမှုတွေဟာ တစ်နေ့ တခြား ဆိုးရွားစွာ တိုးပွားဖြစ်ပေါ်လျက်ရှိပါတယ်။ ပင်လယ်ဒေသမှာနေထိုင်ကြတဲ့ ပြည်သူလူထု အများစုဟာ ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသတွင် နေထိုင်ရခြင်း၊ ဗဟုသုတနည်းပါး၍ ပညာရည် နိမ့်ကျခြင်း၊ ကာယအားဖြင့် နေ့ညမပြတ်ကြမ်းတမ်းသည့်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုရခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းပြီး အကာအကွယ်မဲ့တဲ့ ပင်လယ်ပြင်ကြီးအတွင်း မူးယစ်ဆေးဝါးများကို လွတ်လပ်လွယ်ကူစွာ ဝယ်ယူရရှိနေခြင်းတို့ကြောင့် ပင်လယ်ငါးဖမ်းရေလုပ်သား ၉၀ ရာခိုင်နှုန်းနီးပါး ဟာ မူးယစ်ဆေးဝါးသုံးစွဲပြီးမှ အလုပ်လုပ်နိုင်တဲ့အခြေအနေကို ရောက်ရှိနေကြပါတယ်။ ပင်လယ် ကျေးရွာများမှာလည်းပဲ အခြေစိုက်အမြဲတမ်းရဲစခန်းများ ဖွင့်လှစ်ထားမှု နည်းပါးသည့်အတွက် ကျေးရွာလူငယ်များရဲ့ ၈၀ ရာခိုင်နှုန်းခန့်က မူးယစ်ကျေးကျွန်များဖြစ်နေကြပြီးတော့ အခြေခံပညာ ကျောင်းများအထိ ပျံ့နှံ့လျက်ရှိပါတယ်။ ရေသယံဇာတများရှားပါးလာမှုကြောင့် ပင်လယ်ရေလုပ်ငန်း စီးပွားရေးများ ကျဆင်းနေချိန်မှာ မူးယစ်ဆေးဝါးသုံးစွဲသူရှိတဲ့ ရေလုပ်သားမိသားစုများရဲ့လူမှုစီးပွား ဘဝများ ဆိုးရွားစွာထိခိုက်နစ်နာလျက်ရှိပါတယ်။ မူးယစ်ဆေးဝါးကြောင့် ရာဇဝတ်မှုများ ပိုမိုဖြစ်ပေါ် လျက်ရှိပြီး ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို အန္တရာယ်ပေးသည်အထိ ကြီးမား ကျယ်ပြန့်လျက်ရှိပါတယ်။ ကိုယ်တိုင်စုံစမ်းဖော်ထုတ်မှုအားနည်းပြီး သတင်းပေးပို့တိုင်ကြားသူရှိရင်တောင် မှ ရဲတပ်ဖွဲ့အင်အားမလုံလောက်ခြင်း၊ သွားလာရန်ခက်ခဲခြင်း၊ သတင်းပေါက်ကြားသွားခြင်းစသည့် အကြောင်းပြချက်အမျိုးမျိုးနှင့် ပျက်ကွက်မှုများနဲ့ မြို့နယ်ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ပင်လယ်ဒေသ မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ပါ။ အဖွဲ့စုံပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းလမ်းဒေသ၊ ကားလမ်းပေါက်တဲ့နေရာတွေမှာ ကားလမ်းကို ပိတ်ဆို့ပြီး တော့ မူးယစ်ဆေးဝါးရှာဖွေဖမ်းဆီးတာက လွယ်ကူပါတယ်။ ပင်လယ်ပြင်ထဲမှာ မူးယစ်ဆေးဝါးဖမ်းဆီး ဖို့က မလွယ်ကူပါဘူး။ မူးယစ်ဆေးဝါးရောင်းဝယ်သူတွေဟာ သူတို့အသုံးပြုတဲ့စက်လှေတွေဟာ အထူး စီမံပြုလုပ်ထားတဲ့ အလွန်မြန်တဲ့လှေငယ်လေးများ ဖြစ်ကြပါတယ်။ အခုလို မီးထွန်းရာသီ၊ ကင်းမွန်ငါး ဖမ်းတဲ့ရာသီဆိုရင် ပင်လယ်ထဲမှာ မိုးလင်းပေါက် အဆိုပါရေယာဉ်ငယ်များနှင့် မူးယစ်ဆေးဝါး မိုးလင်း ပေါက်လိုက်လံရောင်းဝယ်ကြပါတယ်။ ပိုက်ဆံမပါရင်လည်းပဲ ကင်းမွန်ငါး၊ ပုစွန်များနှင့်လဲလှယ်ပြီး တော့ ဝယ်ယူသုံးစွဲလို့ရပါတယ်။ ကော့သောင်း၊ ဘုတ်ပြင်း၊ ကျွန်းစု၊ မြိတ်၊ ပုလော၊ လောင်းလုံး၊ ထားဝယ်မြို့နယ်များမှာ တံငါလှေတော်တော်များဟာ မူးယစ်ဆေးဝါးများနှင့် မကင်းကြပါဘူး။ တစ်မြို့နှင့် တစ်မြို့သွားနေတဲ့ခရီးသည်တင် အမြန်ယာဉ်၊ ရုပ်ပြေးယာဉ်တွေနဲ့ သယ်ယူနေကြသလို ကိုယ်ပိုင်စက်လှေများနဲ့လည်းပဲ မူးယစ်ဆေးဝါးများကို သယ်ယူရောင်းဝယ်နေကြပါတယ်။ ရှောင်တခင် စစ်ဆေးဖမ်းဆီးခြင်းမျိုးကတော့ အလွန်နည်းပါးပါတယ်။ ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့မှာဆိုရင် ရဲတပ်ဖွဲ့

အင်အားလည်း မလုံလောက်ပါဘူး။ နောက် ကျယ်ပြန့်တဲ့ပင်လယ်ပြင်ကြီးထဲမှာ တစ်ဖက်က မူးယစ်ဆေးဝါးရောင်းဝယ်သူတွေက အမြန်ယာဉ်တွေနဲ့ ရောင်းဝယ်နေတဲ့အချိန်မှာ သူတို့ဘုတ်ပြင်းရဲတပ်ဖွဲ့မှာတော့ စက်လှေတစ်စင်းတောင် မရှိပါဘူး။ ဒီလိုအခြေအနေတွေမျိုးနဲ့ ကြီးမားကျယ်ပြန့်စွာဖြစ်ပေါ်နေတဲ့ ဒီမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုကို ထိန်းချုပ်ကာကွယ်တားဆီးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မေးခွန်းပါအတိုင်း တပ်မတော်(ရေ)၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်အတူတကွ ပူးပေါင်းပြီး စီမံချက်များရေးဆွဲ၍ နှိမ်နင်းပေးနိုင်ခြင်းရှိ/မရှိ သိလိုပါသဖြင့် ပင်လယ်ဒေသမူးယစ်ဆေးဝါးဒဏ်ခံစားနေရတဲ့ မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပြဿနာနှင့် စိန်ခေါ်မှုအရပ်ရပ်ကို ခေတ်နှင့်အညီဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင် ၁၆ ဦးနှင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကိုလည်း အမျိုးသားလွှတ်တော်မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာ အတည်ပြုခဲ့ပြီး ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာလည်း ဆက်လက်ဆွေးနွေးအတည်ပြုရန် ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ယခင်က မူးယစ်(အထူးအဖွဲ့) ကော့သောင်းတစ်ဖွဲ့သာရှိခဲ့ရာကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာတော့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး မူးယစ်တပ်ဖွဲ့စု(၃၃)ထားဝယ်၊ မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်တို့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျွန်းအခြေစိုက်ကျေးရွာများနှင့် ပင်လယ်ကမ်းစပ်ကျေးရွာတွေမှာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ငါးဖမ်းလှေများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းရှိ/မရှိကို သတင်းစုံစမ်းပြီး သတင်းရရှိမှုအပေါ်မူတည်ကာ တပ်မတော်နှင့်ပူးပေါင်း၍ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပင်လယ်ရေလုပ်ငန်းခွင်များမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးခြင်း၊ သုံးစွဲနေခြင်းတိုးပွားနေမှုအပေါ် စီမံချက်များရေးဆွဲပြီး တားဆီးနှိမ်နင်းသွားရန် အစီအမံ

များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့အနေနဲ့လည်း ကော့သောင်းမြို့ ပါချန်မြစ်ကြောင်းနှင့် ပင်လယ်ဝလုံခြုံရေးဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယရဲမှူးကြီးဦးစီးတပ်ဖွဲ့ဝင်များမှ ကမ်းရိုးတန်းသွားကင်းလှည့်ရေယာဉ်တစ်စီး၊ အမြန်သွားကင်းလှည့်ရေယာဉ်သုံးစီးဖြင့်လည်းကောင်း၊ မြိတ်မြို့အနီးမှာ ရဲမှူးဦးစီးတပ်ဖွဲ့ဝင်များမှ ကမ်းရိုးတန်းသွားကင်းလှည့်ရေယာဉ်တစ်စီး၊ အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စီးဖြင့်လည်းကောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

တပ်မတော်(ရေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီး ကမ်းရိုးတန်းအပါအဝင် တနင်္သာရီတိုင်းဒေသကြီး အတွင်း မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးခဲ့တဲ့အခါမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ အမှုပေါင်း ၁၀၄၀ မှု၊ တရားခံစုစုပေါင်း ၁၈၉၇ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပါ တယ်။ စိတ်ကြွဆေးပြား ၁.၂၇၄ သန်း၊ ကတ်တမင်း ၉၄၀ ကီလို၊ ဘိန်းစာမှုန့် ၂၀၀၁.၄၉၆၄ ကီလိုနှင့် မော်ဖင်းထိုးဆေး ၁၇၁ ပုလင်းအပါအဝင် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ မူးယစ်ဆေးဝါးရမိမှုအနေနဲ့ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် အောက်တိုဘာ လအထိ အမှုပေါင်း ၆၄ မှု၊ တရားခံ ၁၂၃ ဦး၊ စိတ်ကြွဆေးပြား ၉၀၀၀ ကျော်နှင့် ဘိန်းစာမှုန့် ၃၁.၅၄ ကီလိုအပါအဝင် ဆက်စပ်ပစ္စည်းများဖြင့် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို တိုးမြှင့်အရေးယူဆောင်ရွက်နေတဲ့အပြင် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးသုံးစွဲမှုများ ပျံ့နှံ့ဝင်ရောက်မှုမရှိစေရေးအတွက် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူများကို မူးယစ် ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ၉၄၃ ကြိမ်၊ ဘုတ်ပြင်းမြို့နယ်အတွင်းမှာ ၁၁၃ ကြိမ် ပညာပေးဟောပြောနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆေးဖြတ်ကုသခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တဲ့အခါမှာ မြိတ်မြို့ မှာ ကျား ၃၆၂ ဦး၊ ကျွန်းစုမြို့နယ်မှာ ကျား ၃၁၃ ဦး၊ ပုလောမြို့နယ်မှာ သုံးဦး၊ တနင်္သာရီမြို့မှာ ၁၆၄ ဦး၊ ကော့သောင်းမြို့နယ်မှာ ၄၄ ဦး၊ ဆေးဖြတ်လူနာ ကျားစုစုပေါင်း ၈၈၈ ဦး၊ မ နှစ်ဦး စုစုပေါင်း ၈၉၀ ဦး ကို ဆေးဖြတ်ပေးခဲ့တဲ့အခါမှာ လူနာ ၈၆၀ မှာ ကျန်းမာပြီး ကျန်လူနာ ၃၀ ကိုလည်း ဆက်လက်ကုသ ပေးလျက်ရှိပါတယ်။ ယခုနှစ်အတွင်းမှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆေးဖြတ်ကုသခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိတဲ့ အပြင် ၂၀၁၈ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်း မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ် ရေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းပြီး တိုင်းဒေသကြီးနယ်မြေဒေသအနှံ့အပြားသို့ ကွင်းဆင်းစည်းရုံးသွားနိုင် ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ နိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံချက်များဖြင့် အထူးစစ်ဆင်ရေးများကို တပ်မတော်နှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ယခု ၂၀၁၇ ခုနှစ်

အတွင်းမှာ ရှမ်းပြည်နယ်မှာ ရှမ်းရိုးမစစ်ဆင်ရေးကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ချင်းတွင်း(၂) စစ်ဆင်ရေးကို အောက်တိုဘာလ ၃ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိလည်းကောင်း ဆောင်ရွက်ခဲ့ပြီး လက်ရှိမှာ ကချင်ပြည်နယ် ဧရာဦးစစ်ဆင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဘုတ်ပြင်းမြို့နယ်အပါအဝင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစစ်ဆင်ရေးကို တပ်မတော်နှင့်ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်အတွင်းမှာ စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းသည့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များချမှတ်ဆောင်ရွက်ပေးပါရန်နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ၁၇-၁၀-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ခြောက်ဦးရှိပါတယ်။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ သိန္နီမဲဆန္ဒနယ်က ဦးစိုင်းဦးခမ်းတင်သွင်းသွားတဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အကြံပြုချက်များနှင့် ဆွေးနွေးသွားမယ့် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ကျွန်မတို့ဟာ တိုင်းပြည်ကို ဘယ်လိုအနာဂတ်နဲ့တည်ဆောက်ချင်လဲဆိုတာက ကျွန်မတို့ကလေး တို့ကို ဘယ်လိုပြုစုပျိုးထောင်တယ်ဆိုတဲ့အပေါ်မှာ မူတည်တဲ့အတွက် အရေးကြီးတဲ့အခန်းကဏ္ဍဖြစ်တဲ့အတွက် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ၏ရင်းနှီးမြှုပ်နှံမှုများအနက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယနေ့ခေတ်ပညာရှင်တွေ ဆိုကြပါတယ်။ အခုခေတ်မှာတော့ မဟုတ်ပါဘူး။ ကလေးများအခွင့်အရေး အနှစ် ၂၀ ပြည့်တဲ့ အပြည်ပြည်ဆိုင်ရာကလေးများနေ့ဖြစ်တဲ့ ၁၉၇၉ ခုနှစ်

ကာလကပင် ၁၉၇၉ ဘက်စုံတိုး၊ ဖွံ့ဖြိုးစံသစ် ကလေးများနှစ်၊ ဘက်စုံဖွံ့ဖြိုးပြည်အကျိုး၊ ထမ်းပိုး ဆောင်ရွက်ကလေးများအတွက် ကာယဉာဏ၊ စာရိတ္တ ပြည့်ဝကြရေး တို့ရင်သွေးဆိုတဲ့ ဆောင်ပုဒ်များ နှင့်ကျင်းပခဲ့တယ်ဆိုတာ မှတ်သားရပါတယ်။ ဒီလိုဆောင်ပုဒ်တွေက အနှစ် ၄၀ ကြာခဲ့ပါပြီ။ ကလေးများ နှစ်ရောက်ပါပြီလား။ ကလေးများအတွက် ဥပဒေတွေ ရှိလာပါတယ်။ ရှေးဦးကလေးသူငယ်ပြုစုရေး အတွက် မဟာဗျူဟာအကောင်အထည်ရေးဆွဲခြင်းအစီအစဉ်တွေလည်း ကြားနေရတာ ကြာပါပြီ။ မူကြိုအရွယ်ကလေး တွေအတွက် ဘတ်ဂျက်ဘယ်လောက်ထည့်သုံးခဲ့ပါသလဲ။ ဆောင်ပုဒ်တွေဟာ လေထဲမှာပျောက်ကွယ် ပြီး မဟာဗျူဟာပေါ်မလာရခြင်းအကြောင်းတွေက ဘာတွေများဖြစ်ပါသလဲ။ ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လူကြီးတွေရဲ့ လိုအပ်ချက်နဲ့ အတောမသတ်နိုင်တဲ့ လောဘတွေကြောင့် ကျွန်မတို့ကလေးတွေအတွက် နေရာပျောက်ခဲ့ရတာတွေလည်း ဆင်ခြင်သုံးသပ် ရမှာဖြစ်ပါတယ်ရှင့်။ ဒါကတော့ ကျောက်တန်းမြို့နယ်မှာရှိတဲ့ မြိုင်သာယာမူကြိုကျောင်းပါ။ အဆောက်အဦတွေ ကျယ်ကျယ်ဝန်းဝန်း၊ ခိုင်ခိုင်မာမာရှိပါတယ်။ ဒါပေမဲ့ မူကြိုကလေးတွေအတွက် စာသင်ခန်းလေး ကျဉ်းကျဉ်းလေးသာ အသုံးချပြီးတော့ ကျန်တဲ့နေရာတွေကို၊ ကျန်တဲ့အခန်းတွေကို စက်ချုပ်သင်တန်းအတွက် ဖွင့်ထားတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပါ။ ဘယ်မိခင်နှင့် ဘယ်ကလေးကိုမှ မစောင့်ရှောက်ဘဲနဲ့ အစည်းအဝေး ခန်းမအဖြစ် အသုံးပြုနေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပရိဘောဂအဖြစ်ငှားရမ်းထားတာပါ။ မူကြိုကျောင်းပါ။ မူကြိုကျောင်းအတွက်၊ ကလေးတွေအတွက်အသုံးပြုဖို့ အခန်းကျဉ်းလေးသာ သုံးထားတာဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီအသက် ၃ နှစ်နဲ့ ၅ နှစ်အရွယ်ကလေးတွေအတွက်ဆိုတာက စာသင်ရုံနဲ့ မလုံလောက်ပါဘူး။ ကျွန်မတို့ကလေး တွေအတွက် ဆော့ကစားဖို့နေရာရှိရပါမယ်။ ကလေးတွေဟာ အိပ်စက်အနားယူဖို့ ဖြစ်ရပါမယ်။ တစ်နေကုန်အခန်းကျဉ်းလေးထဲမှာ စာသင်ဖို့ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မ အကြံပြုချက်လေးနဲ့ ဆွေးနွေးတာဖြစ်ပါတယ်။ အသက် ၃ နှစ်နဲ့ ၅ နှစ်အရွယ် မူကြိုကလေးတွေ အတွက် သင်ရိုးညွှန်းတမ်းသတ်မှတ်ပေးဖို့ပါ။ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးမှာ KG ကနေစပြီးတော့ မှ သင်ရိုးညွှန်းတမ်းကောင်းကောင်းရှိပါတယ်။ သို့သော်လည်းပဲ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်မှာရှိနေတဲ့ မူကြိုအတွက် သင်ရိုးညွှန်းတမ်း မရှိသေးလို့ဖြစ်ပါတယ်။ ဘတ်ဂျက်မိုပိုသုံးစွဲ ပေးဖို့လည်း လိုအပ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ဆရာဆရာမတွေကို ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတကာကို လေ့လာကြည့်လိုက်တဲ့အခါမှာ မူကြိုအရွယ်ကလေးတွေအတွက်၊ ပညာသင်ပေးဖို့အတွက် တခြားပညာသင်ပေးတဲ့အလုပ် အလုပ်အကိုင်တဲ့ ဆရာဆရာမတွေဟာ တခြားအသက်မွေးဝမ်းကျောင်းတွေထက် ပိုပြီးနိမ့်ပါးနေတာ၊ လစာပိုနည်းနေတာ၊ အရည်အချင်း ပိုပြီးတော့နည်းနေတာမျိုး မရှိပါဘူး။ ကျွန်မတို့နိုင်ငံမှာတော့ ထူးဆန်းအံ့ဩဖွယ်ကောင်းအောင် ဒီအရွယ်ကလေးတွေအတွက် ပြည့်ဝတဲ့အရည်အချင်းတွေ မသတ်မှတ်ထားပါဘူး။ ကျွန်မတို့ မဲဆန္ဒနယ် အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာမှာ မူကြိုအရွယ် ကလေးတွေကို သင်နေတဲ့ဆရာဆရာမ တွေသည် အခြားဆရာဆရာမတွေထက်တောင်မှပဲ အတန်းကြီး ကိုသင်ရတဲ့ ဆရာဆရာမတွေထက် တောင်မှ လစာနည်းပါတယ်။ မိဘတွေပံ့ပိုးပေးတဲ့ ၆၀၀၀၀ တို့ ၈၀၀၀၀ တို့တွေပဲ ရနေသေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအရည်အသွေးပြည့်ဝတဲ့ ဆရာဆရာမတွေ သတ်မှတ်ပေးဖို့ဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍဖြစ်တဲ့အတွက် ပံ့ပိုးပေးဖို့အတွက် လိုအပ်ပါတယ်။ နေရာတွေကို

သတ်သတ်မှတ်မှတ် ကလေးတွေအတွက်၊ အသုံးပြုဖို့အတွက် စီစဉ်ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ အခုဟာက ရှိနေတဲ့နေရာတွေတောင်မှဘဲ လူကြီးတွေအသုံးချတဲ့ အတွက် ကျွန်မတို့ကလေးတွေ အသုံးချခွင့်မရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေကို ကျော်လွှားဖို့အတွက် အကောင်းဆုံးနည်းကတော့ ပြည်သူပူးပေါင်းပါဝင်ဖို့၊ ပညာပေးလှုံ့ဆော်ဖို့ ဖြစ်ပါတယ်။ ထိရောက်တဲ့ ဦးဆောင်မှုနဲ့သာ အရှိန်အဟုန်မြင့်ပြီးဆောင်ရွက်မယ်ဆိုရင် ကျွန်မတို့ ဒီအခက်အခဲတွေကို ကျော်လွှား နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ လူမျိုးတွေက အလှူအတန်းမှာ အင်မတန်ရက်ရောပါတယ်။ ကျွန်မတို့ရဲ့ကလေးတွေကို အာဟာရဒါနပြုတာတွေ၊ ကလေးတွေကိုပံ့ပိုးပေးတာတွေ ဘယ်လောက် အရေးကြီးတယ်ဆိုတဲ့ အချက်အလက်တွေသာ ပညာပေးနိုင်မယ်ဆိုရင် ကျွန်မတို့ပြည်သူတွေ ပူးပေါင်း ပါဝင်လာမှာ ယုံကြည်ပါတယ်။ ဒါဆိုရင် ကျွန်မတို့ လက်ရှိရင်ဆိုင်နေရတဲ့ ဘတ်ဂျက်အခက်အခဲ ကိုလည်း အတိုင်းအတာတစ်ခုထိ ကျော်လွှန်သွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ဒီအဆိုကို ထောက်ခံအကြံပြုပြီး ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင့်။ သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဟာ မြန်မာနိုင်ငံ ရဲ့ အမျိုးသားရေးအထူးဦးစားပေး ရည်မှန်းချက်တစ်ရပ်ဖြစ်ပြီး အနာဂတ်ရဲ့သားကောင်း၊ သမီးကောင်း လူသားအရင်းအမြစ်များ မဆုံးရှုံးပဲ တိုးတက်ထိန်းသိမ်းတဲ့ အစီအစဉ်တစ်ရပ်လည်းဖြစ်ပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုရာမှာ ကိုယ်ဝန် ဆောင်မှုကနေ အသက် ၈ နှစ်ထိ ကလေးများဘက်စုံဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးတဲ့ ပညာရေး၊ ကျန်းမာရေး၊ အာဟာရမြင့်တင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အားလုံးအကျုံးဝင်ပါတယ်။ မွေးကင်းစကနေ ၅ နှစ်ထိ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကြို ကျောင်း၊ ရပ်ကွက်အခြေပြု၊ အိမ်အခြေပြုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်တဲ့ပံ့ပိုးမှုများ ပိုမိုတိုးတက်ဆောင်ရွက်ရန် လိုအပ်တဲ့ပံ့ပိုးမှုများ စဉ်ဆက်မပြတ်ပံ့ပိုးရန် အခွင့်အလမ်းတွေ လျော့နေပါတယ်။ အများကြီးလိုအပ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ကလေးစုစုပေါင်းရဲ့ ၂၂.၅ ရာခိုင်နှုန်း သာ ဒီလုပ်ငန်းများကို လက်လှမ်းမီကြောင်း UNICEF ကဖော်ပြထားပါတယ်။ သုတေသနတွေ့ရှိချက် အရလည်း ကိုယ်ဝန်ဆောင်ကနေ မွေးပြီး ၃ နှစ်အတွင်းမှာ ကလေးရဲ့ဦးနှောက်ဖွံ့ဖြိုးမှုဟာ အမြန်ဆုံး ဖြစ်ပြီးတော့မှ စက္ကန့်တိုင်းမှာ ဦးနှောက်အာရုံကြောဟာ အသစ် ၇၀၀ ခန့်ဖြစ်ပွားတဲ့အတွက် စောင့်ရှောက်မှုနောက်ကျလို့ရှိရင် ဒီကလေးဟာ နောက်ကျကျန်ခဲ့မှာဖြစ်ပါတယ်။ လူသားရဲ့ဦးနှောက် ဖွံ့ဖြိုးရေးဟာ ၈၅ ရာခိုင်နှုန်းဟာ အသက် ၅ နှစ်အရွယ်မှာ ဖွံ့ဖြိုးပြီးဖြစ်တဲ့အတွက် အဲဒီနောက်မှ မြှင့်တင်မယ်ဆိုရင် သိမှုစွမ်းရည်နဲ့ စဉ်းစားနိုင်မှုစွမ်းရည်မြှင့်တင်ဖို့ ခက်ခဲနောက်ကျပြီး ကျန်ခဲ့မှာ ဖြစ်ပါတယ်။ ကလေးများစောင့်ရှောက်ဖို့အတွက် ရင်းနှီးမှုပြုရာမှာ မရွှေ့ဆိုင်းသင့်ကြောင်း၊ နောက် မကျသင့်ကြောင်းကို စီးပွားရေးနိုဘယ်ဆုရှင် မစ္စတာဟက်မင်ကပြောထားပါတယ်။ အပြည်ပြည်

ဆိုင်ရာ စီးပွားရေးပညာရှင်နှင့် ဘဏ္ဍာရေးဝန်ကြီးက ကလေးသူငယ်များဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံချက်ဟာ လုပ်ဆောင်သင့်တဲ့လုပ်ငန်းစာရင်းရဲ့နံပတ်(၁)မှာ ထားရမှာဖြစ်တယ်လို့ ပြောပါတယ်။ အရည်အသွေးရှိတဲ့ ဒီ ECCD လုပ်ငန်းမှာ တစ်ဒေါ်လာရင်းရင် ၁၇.၀၁ ဒေါ်လာထိ ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ရနိုင်တယ်လို့ ပြောပါတယ်။ ဝန်ဆောင်မှုရထားတဲ့ကလေးနဲ့ မရထားတဲ့ကလေးဟာ ဖွံ့ဖြိုးမှု၊ အောင်မြင်မှုကို များစွာကွာခြားတဲ့အတွက် တိုင်းရင်းသားဘာသာစကားအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း ဆီလျော် သင့်လျော်တဲ့ဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပါတယ်။ ဒါမှ ကျန်းမာရွှင်လန်းစွာ ပညာသင်ယူလိုက်တဲ့ အခွင့်အရေးကိုဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မိခင်များ ကလေးမွေးပြီးတဲ့နောက် မွေးစာရင်းအမြန်ဆုံးရနိုင်အောင် ဆောင်ရွက်ရမယ်လို့ ECCD ရဲ့ ကတိကဝတ်မှာ ပါပါတယ်။ အဲဒီကတိအတိုင်း ချောမွေ့စွာဆောင်ရွက်ရာမှ မြန်မာနိုင်ငံ ကတိကဝတ်အတိုင်းပဲ ချောမွေ့ဆောင်ရွက်ပေးဖို့ မြန်မာနိုင်ငံသားများ တိုင်းတစ်ပါးမှာတရားမဝင်သွားပြီး အလုပ်လုပ်တဲ့ မြန်မာနိုင်ငံသားအချင်းချင်း ပေါင်းသင်းရာမှ မြန်မာနိုင်ငံမှာ မွေးဖွားလာတဲ့ကလေးအတွက် မွေးစာရင်းရရှိရေးကိုလည်း အဆောတလျင်လုပ်ပေးဖို့လည်းလိုပါတယ်။ ဒီကဏ္ဍထဲမှာ ထည့်သွင်းပြီး နိုင်ငံတော်အစိုးရက ဆောလျင်စွာထည့်သွင်းပြီး နိုင်ငံမဲ့ကလေးဖြစ်မှုနှင့် လူသားအရင်းအမြစ်ဆုံးရှုံးမှုကာကွယ်နိုင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ဝန်ဆောင်မှုရတဲ့ကလေးများဟာ ကြီးပြင်လာရင် မိခင်ကောင်း၊ ဖခင်ကောင်းများဖြစ်ပြီး ၎င်းတို့ရဲ့ကလေးများကိုကောင်းစွာဖွံ့ဖြိုးပြီး ကျောင်းနေဘဝက အောင်မြင်သူဖြစ်လာပြီး၊ လေ့ကျင့်ပျိုးထောင်ပြီး ဆင်းရဲမွဲတေမှုရဲ့သံသရာကို ဖြတ်တောက်နိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ ခုနှစ်၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေပါ မသန်စွမ်းကလေးများနှင့် ပတ်သက်ပြီး တိကျတဲ့အချက်များ ပါဝင်ခြင်းမရှိတာကို လေ့လာမိပါတယ်။ ဒါပေမဲ့ ယနေ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးရဲ့မေးခွန်းတစ်ခုမှာ ဖြေလိုက်တာကတော့ မသန်မစွမ်းတဲ့ကလေးများမဖြစ်အောင် ကာကွယ်ပေးပါမယ်ဆိုတာလေးကို ကြားရပါတယ်။ သို့သော်လည်း ဖြစ်နေတဲ့ မသန်စွမ်းကလေးတွေကို ဘယ်လိုဆောင်ရွက်ပေးနေတယ်ဆိုတာတော့ မကြားရပါဘူး။ မသန်စွမ်းကလေးနှင့်ပတ်သက်ပြီး တိကျတဲ့အချက်မပါတဲ့ ဒီနည်းဥပဒေကတော့ အခန်း(၂)ရည်ရွယ်ချက် ပုဒ်မ ၃ ပုဒ်မခွဲ(ဇ)မှာ မပါပါဘူး။ အခန်း(၁)မှာလည်း အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ကာကွယ်စောင့်ရှောက်ရန်လိုတဲ့ ကလေးသူငယ်များဆိုသည်မှာဆိုတဲ့ဟာက ကိုးခုရှိပါတယ်။ အဲဒီထဲမှာလည်း မပါပါဘူး။ စိတ်ပေါ်သွပ်တဲ့လူ ကလေးတော့ပါပါတယ်။ ဒါကြောင့်မို့လို့ မသန်စွမ်းကလေးကို အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ထည့်ပေးစေချင်ပါတယ်။ အခန်း(၆)မှာလည်း နေ့ကလေးထိန်းနေတဲ့မူကြိုကျောင်းတွေမှာ မသန်စွမ်းကလေးများကိုလည်း လက်ခံပြုစုပေးရန်ဆိုတဲ့ အချက်လည်း မပါပြန်ပါဘူး။ ဒါကြောင့် အဲဒီနည်းဥပဒေတွေမှာ ထည့်ပေးဖို့အကြံပြုပါတယ်။ နိဂုံးချုပ်အနေနဲ့ ရပ်ရွာအခြေပြုနဲ့ အိမ်အခြေပြု ECCD ရေရှည်တည်တံ့ရန် နိုင်ငံရဲ့အနာဂတ် လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ ကလေးသူငယ်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်ခွင့်ရအောင် လူမှုဝန်ထမ်းဦးစီးဌာနက နည်းဥပဒေအရ ခွင့်ပြုချက်များ လျှင်မြန်စွာပေးပြီး လိုအပ်တဲ့ ငွေကြေး၊ နည်းပညာထောက်ပံ့မှုများ

ကြီးကြပ်ဆောင်ရွက်မှုများကို လစဉ် သို့မဟုတ် နှစ်စဉ် ဖြည့်စွက်ပေးနိုင်ပါရန် အကြံပြုရင်း ဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမယ့် အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အနာဂတ်ရဲ့ခေါင်းဆောင်များဖြစ်တဲ့ ကလေးသူငယ်များကို ပြုစုပျိုးထောင်ရေးဟာ လွန်စွာအရေးကြီးသလို အားလုံးပါဝင်ဖို့လည်း လိုအပ်ပါတယ်။ လူ့ဘဝတိုးတက်ဖို့ကို ကလေးသူငယ်များနဲ့ အစပြုကြရမှာ ဖြစ်ပါတယ်။ ကျန်းမာပျော်ရွှင်ပြီးတော့ Strong ဖြစ်တဲ့ကလေးတွေနဲ့ တည်ထောင်ထားတဲ့ နိုင်ငံတစ်ခုရဲ့အနာဂတ်ဟာလည်း လှပပြီး Strong ဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရှင်သန်ကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်ဟာလည်း နွေးထွေးလုံခြုံဖို့၊ မေတ္တာတွေနဲ့ပြည့်ဝနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဆုံးမပဲ့ပြင်တဲ့အခါမှာ၊ ပြုစုပျိုးထောင်တဲ့အခါမှာ စိတ်ပိုင်းဆိုင်ရာအားဖြင့်၊ ရုပ်ပိုင်းဆိုင်ရာအားဖြင့် ဒဏ်ရာအနာတရ မဖြစ်စေဖို့လိုအပ်ပါတယ်။ သူတို့တွေရဲ့အနာဂတ်လေးတွေလှပပြီး ကျန်းမာပျော်ရွှင်တဲ့၊ မိမိကိုယ်ကို ယုံကြည်တဲ့၊ မိမိစိတ်ကို မိမိလုံခြုံတဲ့ ကလေးတွေဖြစ်လာဖို့အတွက် မေတ္တာဖြင့်သာပျိုးထောင်ခြင်းတွေ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှေးဦးကာလ အတွေ့အကြုံများဟာ အလုံးစုံသောသင်ယူခြင်း၊ ကျန်းမာရေးနှင့် အပြုအမူတို့ကို တိုးတက်ခြင်း သို့မဟုတ် ဆုတ်ယုတ်စေသော အခြေခံကိုဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် ရှေးဦးအရွယ် ကလေးသူငယ်များမှာ ရင်းနှီးမြှုပ်နှံမှုတွေဟာ လိုအပ်ပြီး လိုအပ်ခြင်းရဲ့အဓိက အကြောင်းအရာများကတော့ ဦးနှောက်ဖွံ့ဖြိုးမှုဟာ ပထမအသက် ငါးနှစ်ကာလအတွင်း လျင်မြန်စွာ ဖြစ်ပေါ်ခြင်း၊ ရှေးဦးအရွယ်ကာလ ရင်းနှီးမြှုပ်နှံမှုဟာ အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်ခြင်း၊ ကွာဟမှုကိုလျော့ကျစေတဲ့အတွက် အဆင်းရဲဆုံးကလေးတွေအတွက် အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်ခြင်းနဲ့ ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးဟာ ကလေးသူငယ်အခွင့်အရေးဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကလေးတစ်ဦး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံလိုအပ်ချက်တွေကတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အစာအာဟာရပြည့်ဝစေခြင်း၊ ချစ်ခြင်းမေတ္တာပေးခြင်း၊ လှုပ်ရှားကစားခြင်း၊ အနားယူခြင်း၊ စိတ်ရောကိုယ်ပါလုံခြုံစိတ်ချသော ပတ်ဝန်းကျင်ရှိခြင်း၊ စူးစမ်းလေ့လာခွင့်ပေးခြင်း၊ လှုံ့ဆော်မှုပေးခြင်း၊ အပြန်အလှန်ဆက်သွယ်မှုများ အားပေးမှုများလိုအပ်ပါတယ်။ ဒါတွေ အားလုံးကိုလည်း မူကြိုကျောင်းများမှာ ရရှိနိုင်မှာဖြစ်တဲ့အတွက် ပညာရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်သင့်ပြီး နိုင်ငံတော်မှကူညီပံ့ပိုးပေးရန် များစွာလိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကလေးများ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုများမရရှိခဲ့လျှင် မူလတန်းတက်ဖို့ အဆင်သင့်မဖြစ်ခြင်းနှင့် မိဘများအနေနဲ့ ကလေးများကျောင်းတွင် အောင်မြင်မှုရရန်အတွက် ကူညီပေးဖို့ အဆင်သင့်မဖြစ်ခြင်း၊ မကြာမကြာ လွဲမှားစွာပြုကျင့်ခံရခြင်း၊ လျစ်လျူရှုခံရခြင်းများခံရပါက အကြမ်းဖက်သောလူငယ်များဖြစ်လာနိုင်ပြီး မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်း၊ မိဘများနှင့်ကောင်းမွန်တွယ်ကပ်မှုမရှိတဲ့ ကလေးတွေဟာ ရေရှည်တည်တံ့ပြီး ချစ်ခင်နှစ်သက်မှုရှိတဲ့ ဆက်ဆံရေးတွေကိုလည်း မတည်ဆောက်နိုင် ခြင်း

စတဲ့ဆိုးကျိုးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ စောင့်ရှောက်မှုရရှိတဲ့ကလေးများဟာ ၎င်းတို့ရဲ့ အသက်ရှင်သန်မှု၊ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအပေါ် များစွာအကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပါတယ်။ ဦးနှောက်ရဲ့ ၈ဝ ရာခိုင်နှုန်းဟာ အသက်ငါးနှစ်အရွယ်မှာ ဖွံ့ဖြိုးနေပြီဖြစ်ပါတယ်။ ဒါကြောင့် မူကြို ပညာရေးဝန်ဆောင်မှုတွေကို များစွာပေးသင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မူကြိုကျောင်းတက်နှုန်းအနေနဲ့ အာဆီယံနိုင်ငံတွေမှာ ၅၇ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံမှာ မြို့ပြမှာ ၃၉.၁ ရာခိုင်နှုန်းရှိကာ ကျေးလက် တွေမှာတော့ ၁၅.၉ ရာခိုင်နှုန်းပဲရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ မူကြိုကျောင်းတက်နှုန်းဟာလည်း မူကြိုအရွယ်ကလေးများရဲ့ ၂၂.၉ ရာခိုင်နှုန်းသာ မူကြိုပညာရေးအစီအစဉ်များကို လက်လှမ်းမီကြပါ တယ်။ ထိုသို့ လက်လှမ်းမီသူအများစုဟာလည်း ဝင်ငွေအလယ်အလတ်နှင့် အထက်တန်းအဆင့်ရှိတဲ့ မိသားစုမှကလေးများသာ ဖြစ်ကြပါတယ်။ ဒါကြောင့် သုံးနှစ်နဲ့ လေးနှစ်အရွယ်ကလေးတွေအတွက် မူကြိုပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ပြီးဆောင်ရွက်ရန် အဓိကလိုအပ်ပါတယ်။ ဒါ့အပြင် အခွင့်အလမ်းနည်းပါးနေတဲ့ကလေးတွေအတွက် အထူးအလေးပေးဆောင်ရွက်ရန်လည်း လိုပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေမှာတော့ အခကြေးငွေနဲ့ပေးဆောင်ရတဲ့ မူကြိုတွေ၊ ကိုယ်ပိုင်ကျောင်းတွေနဲ့ ကျေးရွာများမှာ ကိုယ်ထူကိုယ်ထမူကြိုကျောင်းများသာရှိနေကြပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးမှုဟာ နည်းပါးနေတာကို တွေ့ရပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာရှိတဲ့ ကျေးရွာအတော်များများမှာဆိုရင်လည်း ကိုယ်ထူကိုယ်ထ မူကြိုကျောင်းတွေသာရှိပြီး မူကြိုပညာရေးဝန်ဆောင်မှုကို ဆောင်ရွက်နေတဲ့ ဆရာ ဆရာမများဟာလည်း ကျေးရွာကထောက်ပံ့မှုအနည်းအကျဉ်းဖြင့်သာ စေတနာထား လုပ်ကိုင်နေကြရ ပါတယ်။ ဒါကြောင့် မူကြိုဆရာဆရာမတွေအတွက် နိုင်ငံတော်မှ လစာထောက်ပံ့ပေးသင့်ပါတယ်။ Save the Children အစီအစဉ်ဖြင့် မူကြိုကျောင်းများတည်ဆောက်ရေးတွင် ကူညီမှုတွေရှိနေပေမဲ့ ကျေးရွာအတော်များများမှာတော့ ကိုယ်ထူကိုယ်ထဖြင့်သာ လုပ်ဆောင်နေရပါတယ်။ ကလေးများနဲ့ ပတ်သက်ပြီး ကျူးလွန်မှုတွေအတွက်လည်း ထိရောက်သောပြစ်မှုပြစ်ဒဏ်များကို ပေးသင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကလေးရဲ့ဦးနှောက်ဖွံ့ဖြိုးမှုဟာ မွေးစမှာငါးနှစ်အတွင်း ဖွံ့ဖြိုးမှုအကောင်းဆုံးအချိန် ဖြစ်တဲ့အတွက် မိဘများအနေနှင့် အချိန်ကိုက်ပံ့ပိုးမှုပေးရန်လိုအပ်ပေမဲ့ မပြည့်စုံတဲ့ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့မိသားစုတွေအတွက်ကတော့ မိဘများရဲ့ပံ့ပိုးမှုဟာ မရှိသလောက်ကို လွန်စွာနည်းပါး နေရပါတယ်။ ဒါကြောင့် နိဂုံးချုပ်အားဖြင့် ကလေးဘဝရဲ့ အစောပိုင်းကာလမှာရရှိခဲ့တဲ့ ဉာဏ်ရည် ဖွံ့ဖြိုးမှု၊ လွတ်လပ်မှု၊ အာရုံစူးစိုက်မှု၊ လူမှုဆက်ဆံရေးအတွေ့အကြုံများ နောင်ကျောင်းပညာရေးနှစ် များတွင် ရေရှည်အကျိုးရှိနိုင်စေဖို့ရန်အတွက် ရှေးဦးအရွယ်ကလေးများအား ရင်းနှီးမြှုပ်နှံခြင်းဟာ နောင်အချိန်မှာ အကျိုးအမြတ်ကလည်း ၁၇ ဆရရှိစေတဲ့အတွက် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းရဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ ဖြစ်ပါတယ်။ သိန္နီမဲဆန္ဒနယ်မှ

ဦးစိုင်းဦးခမ်းရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဖြည့်စွက်အကြံပေး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ သူ့ရဲ့ အပိုင်း(၃)ကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အားတိုက်တွန်းကြောင်းဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံကို ရည်မှန်းမယ်ဆိုရင်၊ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကောင်းကိုမျှော်မှန်းမယ်ဆိုရင်၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မျှော်မှန်းမယ်ဆိုရင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဟာ အင်မတန်မှ အရေးပါလှပါတယ်။ လူသားပျိုးထောင်ရေးလုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် လူပင်စိုက်၍ လူသားပျိုးထောင်ရေးလုပ်ငန်းဖြစ်တဲ့အတွက် အပြောလွယ်သလောက် အလုပ်ကခက်ပါတယ်။ ဒီအချိန်ကလေးတွေဟာ၊ ကလေးသူငယ်တွေဟာ ငယ်စဉ်တောင်ကြီးကလေးဘဝကတည်းက လူငယ်လူကောင်းဖြစ်အောင်ပျိုးထောင်မှ ကြီးတဲ့အခါမှာ လူကြီးလူကောင်းဖြစ်ပြီးတော့ တိုင်းပြည်ရဲ့ခေါင်းဆောင်ကောင်းဖြစ်မှာ မလွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရဆိုရင် လူဦးရေဟာ ၅၁.၄၈၆ သန်း၊ အဲဒီကမှ လူငယ်ဆိုတာ မွေးစကနေပြီးတော့ ၁၄ နှစ်အရွယ်ထိသည် ၁၄.၃ သန်းကျော်ရှိတယ်။ ရှေးဦးအရွယ်ကလေးသူငယ်တွေဟာ မွေးစကနေပြီးတော့ ရှစ်နှစ်အရွယ်အထိ ဒါ ရှေးဦးသူငယ်ကလေးအရွယ်တွေပါ။ မွေးကင်းစကနေပြီးတော့ သုံးနှစ်အရွယ်ထိသည် မူကြိုကလေးအရွယ်တွေပါ။ သုံးနှစ်ကနေပြီးတော့ ငါးနှစ်အရွယ်ထိသည်မူကြို၊ မွေးကင်းစကနေပြီးတော့ သုံးနှစ်အရွယ်ထိသည် နေ့ကလေးထိန်းအရွယ်တွေဖြစ်ပါတယ်။ ဒါကြောင့် ဒီကလေးတွေကို ပြုစုပျိုးထောင်ပေးရန် အင်မတန်မှ နူးညံ့သိမ်မွေ့တဲ့အတွက် အင်မတန်မှ ခက်ခဲနက်နဲပါတယ်။ ဒီကလေးတွေ ရှေးဦးသူငယ်ပြုစုပျိုးထောင်ရေးမှာ ပြည်ထဲရေးမှာတာဝန်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ တာဝန်ရှိသည်။ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ရှိသည်။ သာသနာရေးဝန်ကြီးဌာနမှာတာဝန်ရှိသည်လို့ အဲဒီလို ပြောလို့မရပါဘူး။ အားလုံးသော ပြည်သူတွေမှာ တာဝန်ရှိပါတယ်။ NGO အဖွဲ့အစည်းတွေ၊ လူမှု Community, Society လူ့အဖွဲ့အစည်းတွေ ရှိပါတယ်။ အားလုံးကနေပြီးတော့ Cooperative Education, Cooperative Cultivating အားလုံးစုပေါင်းပျိုးထောင်မှ ဒီလုပ်ငန်းစဉ်ကြီးဟာ အောင်မြင်ပါမယ်။ ဝန်ကြီးဌာနအသီးသီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးတို့ဟာလည်း သူတို့ရဲ့နိုင်ငံရေးရည်မှန်းချက်တွေ၊ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေချမှတ်ထားပေမဲ့ အားလုံးက ပြည်သူတွေမပါဘဲနဲ့ကတော့ All Participating ဘာမှ မအောင်မြင်ပါဘူး။ ဒါကြောင့် ဒီကလေးတွေကို လူကောင်းသူကောင်းဖြစ်ဖို့၊ တိုင်းပြည်ရဲ့အနာဂတ်က လူငယ်တွေအပေါ်မူတည်ပါတယ်။ ဒါကြောင့် ဒါတွေပျိုးထောင်တဲ့နေရာမှာ လူငယ်ပျိုးထောင်ရေးမှာ ယနေ့ ဆရာ၊ မိဘ၊ ရပ်ရွာအခြေပြု၊ NGO အဖွဲ့တွေ၊ Community Society လူ့အဖွဲ့အစည်းတွေ အားလုံးအားလုံးဟာ တာဝန်ရှိကြပါတယ်။ အဲဒီတော့ ယနေ့ကျွန်တော်ကတော့ ပြောစရာတွေကတော့ များတဲ့အတွက်ကြောင့် အားလုံးကိုပဲခြုံငုံပြီး ကျွန်တော့်ကို ဆွေးနွေးခွင့်ပြုပါ။ နောက်ပြီးတော့ ကျွန်တော့်ဘဝအတွေ့အကြုံရဲ့ Actual Felling တွေနဲ့ပေါ့ဗျာ။ တကယ့်ဘဝ Experience တွေနဲ့ ဆွေးနွေးတင်ပြခွင့်ပြုပါ။ အိမ်ထောင်စုတစ်ခုအတွင်းမှာ အမေရယ်၊ ကလေးရယ်၊ သားသမီးတွေ အတူသွား၊ အတူလာ၊ အတူစား၊ အတူနေထိုင်ခြင်းဆိုသည့် အစဉ်အလာကြီးမားတဲ့ မြန်မာ့သမားရိုးကျပုံစံကြီးဟာ ယနေ့ တစ်ဝက်ပင်မရှိတော့ပြီ။ လူမှုရေးဘဝအပြောင်းအလဲ

နဲ့ ကိုက်ညီအောင်၊ လိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းခြင်းမျိုးတွေလည်း သိပ်မရှိတော့ဘူး။ ညှိနှိုင်း မပေးနိုင်ဘူးဆိုရင် ကလေးများစိတ်ဖိစီးမှု၊

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ပတ်သက်တာပဲ ဆွေးနွေးပါ။ ဦးတင်လှ အဆိုနဲ့တိုက်ရိုက်ပတ်သက် တာပဲ ဆွေးနွေးပါ။ နည်းဥပဒေအရ အဆိုနဲ့တိုက်ရိုက်မပတ်သက်တာ မဆွေးနွေးပါနဲ့။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)။** ။ ပျိုးထောင်ဖို့အရေးကြီးပါတယ်။ သူတို့ရဲ့ Physical Development, Mental Development ကလေးတွေအာဟာရပြည့်ဝရေးဆိုရင်၊ ဓာတ်ခုနစ်မျိုး Carbon Hydrate၊ ပရိုတင်းဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်၊ ရေဓာတ်၊ အမျှင်ဓာတ် စသည်ဖြင့် သတ္တုခုနစ်မျိုးလည်း မိခင်ဘဝကစပြီးတော့ အာဟာရပြည့်ဝဖို့လည်းလိုပါတယ်။ ကလေးတွေရဲ့ စိတ်ဓာတ်ထဲမှာဆိုရင် ဒဏ်ရာဒဏ်ချက်မဖြစ်အောင် ဆုံးမသွားဖို့အရေးကြီးပါတယ်။ ရှေးတုန်းက လက်ဦးဆရာမည်ထိုက်စွာ ပုပ္ပာစရိယ မိနှင့်ဖ Homilist refer education agency အိမ်သည် ပထမဦးဆုံး ပညာရေးဌာနပါ။ မိသားစုရဲ့ နွေးထွေးသောမေတ္တာရိပ်၊ ကြင်နာမှုအရိပ်ကို ခိုလှုံခွင့်ရဖို့ဟာ အရေးကြီးပါတယ်။ အချင်းချင်းနားလည်မယ်။ အဲဒီကနေပြီးတော့ ချစ်ခင်ရင်းနှီးမှုဟာ ပြည်ထောင်စု ကြီးအထိ သွားမှာဗျ။ ဒါကြောင့် မိဘဟာသိပ်အရေးကြီးတယ်။ မိဘဟာ ငယ်ငယ်ကတည်းကမဆုံးမမှု မိဘတလီရန်သူမည်၏တဲ့ မိဘမဆုံးမတတ်ရင် ရန်သူဖြစ်တယ်။ ယနေ့ဆိုရင် ဆရာတွေကလည်း ဆုံးမရမယ်။ ဆရာရိုက်က ခဏနာမည်။ ဆရာမရိုက်က ဘဝနာမည်။ သွန်သင်သင့်တာ သွန်သင်ရပါ မယ်။ အကြင်နာမေတ္တာတရားတွေနဲ့ အသိတရားတွေရှိပြီး ဆုံးမသွန်သင်ဖို့လိုပါတယ်။ ဒါကြောင့် သိပ်ပြီးတော့ လူငယ်ပျိုးထောင်ရေးဟာ နူးညံ့သိမ်မွေ့တဲ့အတွက် အင်မတန်ခက်ခဲပါတယ်။ မေရီဖိုက်ဘာဆိုတဲ့ပုဂ္ဂိုလ်ဟာ ကလေးတွေနဲ့ပတ်သက်ပြီးတော့ ကျန်းမာသန်စွမ်းတဲ့ကလေးတွေဖြစ် အောင် ပြုစုပျိုးထောင်ရတာ အလွန်ပင်ပမ်းတဲ့အလုပ်၊ ကလေးတွေလိုအပ်တဲ့အရာတွေ၊ အများစုတွေ ကို ငွေနဲ့ပေးဝယ်လို့မရဘူး။ အချိန်တွေဟာအာရုံစိုက်တာ ချစ်ခင်ယုယမှု၊ လမ်းညွှန်တာတွေ စကားပြော ခွင့်ပေးတာတွေဟာ အင်မတန်လိုအပ်ပါတယ်။ ယွန်လူဝေက ကလေးတို့ရဲ့သိလိုစိတ်ကို နှိုးဆွပေးဖို့ အရေးကြီးတယ်။ မာရီယာမွန်တယ်ဆိုသူက ကလေးကို ကိုယ်တိုင်လုပ်ဆောင်ခွင့်များများ ပေးဖို့ အရေးကြီးတယ်။ ကလေးတွေရဲ့ဖွံ့ဖြိုးမှုမှာ လူကြီးတွေရဲ့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် နှစ်ပိုင်းတွေ့ပါတယ်။ အဲဒီ တစ်ပိုင်းကတော့ ပထမတစ်ပိုင်းက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ် ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဆိုတဲ့အပိုင်းပါ။ ဒါ Investment အပိုင်းပါ။ ဒုတိယအပိုင်းက မူကြိုပညာ ရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ဒီနှစ်ပိုင်းကို ကျွန်တော်တွေ့ပါတယ်။ အဲဒီနှစ်ပိုင်းနှင့် ပတ်သက် ပြီးတော့ ကျွန်တော် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ရှေးဦးအရွယ်ကလေးသူငယ် ဆိုတာ ဘယ်အရွယ်ကိုခေါ်တယ်။ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုက ဘယ်လောက်ရင်းနှီးလို့ရှိရင် ဘယ်လောက်အမြတ်ထွက်တယ်ဆိုတာကို ရှေ့မှာလည်း လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွား

ပြီးဖြစ်တဲ့အခါကျတော့ ကျွန်တော်က သူတို့နဲ့ မပါသေးတဲ့အချက်လေးတွေပဲ အချို့ဆွေးနွေးပါမယ်။ ဒီမှာ တချို့သော အချက်အလက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် လေ့လာထားတဲ့ သုတေသန အချက်လေးတွေရှိပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်မြန်မာနိုင်ငံက အာဆီယံဒေသမှာ အာဆီယံ ၁၀ နိုင်ငံမှာ အသက်ငါးနှစ်အရွယ် ကလေးသူငယ်သေဆုံးမှုထိပ်တန်း သုံးနိုင်ငံစာရင်းမှာ ပါဝင်ပါ တယ်။ ဒါက တစ်ချက်ပါ။

နောက်တစ်ချက်က အသက်ငါးနှစ်အောက်အရွယ် ကလေးတွေရဲ့ သေဆုံးမှုအားလုံး တစ်ဝက်လောက်က Malnutrition (အာဟာရမပြည့်ဝမှု)နှင့်အမြဲတမ်းဆက်စပ်နေတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါက တစ်ချက်ပါ။ နောက်တစ်ခုကတော့ ဒါက ကျွန်တော်တို့ အရေးကြီးပါတယ်။ ကလေးသူငယ် ၃၀၀ ကို Radom Research လုပ်ကြည့်လိုက်တဲ့အခါမှာ ကလေးငယ် ၃၆ ရာခိုင်နှုန်း က သူတို့ တစ်ပတ်အတွင်းမှာ နို့တစ်ခွက်မှမသောက်ရဘူးလို့ဆိုပါတယ်။ နောက်တစ်ခါ ၆၃ ရာခိုင်နှုန်း ကတော့ တစ်ပတ်မှာ ငါးတစ်ကြိမ် စားရတယ်လို့ပြောပါတယ်။ ၁၅ ရာခိုင်နှုန်းကတော့ သူတို့ဘဝမှာ ငါးကို မစားဘူးလို့ ပြောပါတယ်။ အဲဒီတော့ ဒါက ဒီအချက်အလက်တွေကို ကျွန်တော်က ဘာနဲ့ ဆက်စပ်ပြီးတော့ ပြောချင်လဲဆိုရင် ဒီအချက်အလက်တွေကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ကလေးသူငယ် တွေ ဖွံ့ဖြိုးပြီးတော့ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ လူသားအရင်းအမြစ်တွေက ဘယ်လိုကျဆင်းသွား လဲဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ထောက်ပြချင်လို့ ဖြစ်ပါတယ်။ အဲဒါက ကျွန်တော် အားလုံးသိကြတဲ့အတိုင်းပဲ ၁၉၅၉ ခုနှစ်ကနေပြီးတော့ အရှေ့တောင်အာရှကို အရင်တုန်းကတော့ Seat Game ပေါ့။ အခုတော့ နောက်ပိုင်းမှာ Sea Game ပေါ့။ အဲဒါ အခုထိဆို (၂၈)ကြိမ်။ ဒါ လုပ်ခဲ့ ပြီးပါပြီ။ အားကစားဆိုတာကတော့ ဒါ လူတစ်ယောက်ရဲ့ ဖွံ့ဖြိုးမှု၊ ဦးနှောက်ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှုကို ဒါ အထင်သာ၊ အမြင်သာဆုံး မြင်နိုင်တဲ့ ကိစ္စဖြစ်လို့ ကျွန်တော် ဒါကို ထောက်ပြတာပါ။ အဲဒီတော့ (၂၈)ကြိမ်မှာ ထိုင်းက ပထမ ရွှေတံဆိပ်အများဆုံးဆု ၁၃ ကြိမ်ရပါတယ်။ အင်ဒိုနီးရှားက ၁၀ ကြိမ် ရပါတယ်။ ကျွန်တော်တို့ မြန်မာက နှစ်ကြိမ်ပဲရပါတယ်။ အဲဒီတော့ မြန်မာက နှစ်ကြိမ်ရတဲ့အခါမှာ ကျွန်တော်တို့က ကိုယ့်ဒေသမှာ အိမ်ရှင်အဖြစ်လုပ်တာ သုံးကြိမ်မှာ ကျွန်တော်တို့က နှစ်ကြိမ်ရတာ ဖြစ်ပါတယ်။ ထိုင်းက ၁၃ ကြိမ်ရတဲ့အထဲမှာ သူ့ ဘန်ကောက်မှာလုပ်တဲ့အကြိမ်က ငါးကြိမ်ပဲရပါတယ်။ ကျန်တဲ့ရှစ်ကြိမ်က အခြားနိုင်ငံတွေမှာလုပ်တဲ့ ပွဲတွေမှာ ရတာပါ။ အင်ဒိုနီးရှားကလည်း ၁၀ ကြိမ်ရတဲ့ အထဲမှာ သူ့ ဂျကာတာမှာလုပ်တဲ့ သူအိမ်ရှင်အဖြစ်လုပ်တာ လေးကြိမ်ပဲရှိပါတယ်။ ကျန်တဲ့ ခြောက်ကြိမ်က ဒါ တကယ်ထိုက်ထိုက်တန်တန်ရခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါက အချက်တစ်ချက်ပါ။

အဲဒီတော့ ကျွန်တော်တို့ ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာပြည်သူလူထုအားလုံးလည်း ဒါ ထင်ရှားမြင်သာတဲ့အချက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံသားအားလုံး ချစ်မြတ်နိုးတဲ့ ဘောလုံးပါ။ ဘောလုံးဆိုလို့ရှိရင် နှစ်ပေါင်းများစွာကတည်းက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ကျွန်တော် အားပေးခဲ့တယ်။ အခုထိ ညကအထိ ကျွန်တော်တို့ အားပေးခဲ့တယ်။ အားပေးတိုင်း အမြဲတမ်း ကျွန်တော်တို့ မျှော်လင့်ချက်တွေ ရေစုန်မျှောရတယ်။ အဲဒီတော့ ကျွန်တော်တို့ အရှေ့တောင်အာရှမှာပဲ ထင်ရှားတဲ့နိုင်ငံတွေရှိတယ်။ ထိုင်းရှိတယ်။ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဒီနိုင်ငံတွေနဲ့ ကစား လိုက်လို့ရှိရင် ကျွန်တော်တို့ ဘာသွားတွေ့ရသလဲဆိုရင် အမြဲတမ်း ထင်ရှားတဲ့အချက်ကြီးသုံးချက် တွေ့ပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ ဘောလုံးသမားတွေက အဲဒီလေးနိုင်ငံရဲ့ ဘောလုံး

သမားတွေရဲ့ ခန္ဓာ Building မှာ ကျွန်တော်တို့ သေးပါတယ်။ နံပါတ်(၂)က ကျွန်တော်တို့ Goal တစ် Goal ရဖို့ဆိုရင် ကျွန်တော်တို့က အသည်းအသန် မချိမဆန့်ကြိုးစားရပါတယ်။ သူတို့က သာသာလေး နဲ့ရပါတယ်။ နံပါတ်(၃)အချက်က ကျွန်တော်တို့မှာ Creation ဆိုတဲ့ဟာ တီထွင်ဖန်တီးပြီးတော့ ရတယ် ဆိုတာ မရှိသလောက်ပါပဲ။ ကျွန်တော်တို့ သမားရိုးကျနည်းနဲ့ပဲ ဟိုလူနဲ့ထိ ဒီလူနဲ့ထိပြီးတော့ ဝင်သွား တာမျိုး။ ဒီအချက်သုံးချက်က ဘာနဲ့သွားတွေ့လဲဆိုတော့ ဒီကလေးသူငယ်ဖွံ့ဖြိုးရေးကိစ္စတွေကနေ ပြီးတော့ အစပြုတယ်လို့ပဲ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီအရင်းအမြစ်ပေါ့။ ဒီနေ့ ကမ္ဘာပေါ်မှာ အရင်းအမြစ်နဲ့ပတ်သက် ပြီးတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအမြစ်က အရေးကြီးတယ်။ ဘာအရင်းအမြစ်လဲ။ အရင်တုန်းကတော့ သတ္တု၊ ကျွန်းသစ်၊ ကျောက်၊ သံ၊ ပတ္တမြား၊ ရေနံ၊ သဘာဝဓာတ်ငွေ့။ အခုတော့ ဒါ လူသားအရင်းအမြစ်။ လူသားအရင်းအမြစ်နဲ့ပတ်သက်လို့ အထင်ရှားဆုံးဥပမာတစ်ခုကို ကျွန်တော် ပြချင်ပါတယ်။ အဲဒါကတော့ အားလုံးသိတဲ့အတိုင်းပဲ။ ဘောလုံးဝါသနာရှင်တွေ သိပါတယ်။ မကြာသေး ခင်ကပဲ ကျွန်တော်တို့ အိုက်စလန်နိုင်ငံ ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်သွားပါပြီ။ ၂၀၁၈ မှာလုပ်တဲ့ အိုက်စလန်နိုင်ငံရဲ့ လူဦးရေက ၃၅၀၀၀၀ ပဲရှိပါတယ်။ ကျွန်တော်တို့ တွံတေးနဲ့ ကော့မှူးပေါင်းလိုက်တဲ့ လူဦးရေလောက်ပဲရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြို့ ၃၃၀ ရှိတယ်။ နှစ်မြို့ထဲက ရွေးထုတ် ရတဲ့သဘောပါပဲ။ ဒါ ဘာကိုပြတာလဲဆိုရင် လူသားအရင်းအမြစ်ကို သူတို့ ကောင်းကောင်းအသုံးချ နိုင်တဲ့သဘောပါပဲ။ အဲဒီတော့ လူသားအရင်းအမြစ်ကိုလုပ်ဖို့အတွက်ဆိုရင် ကျွန်တော်တို့က ရှေးဦး အရွယ်ကလေးသူငယ်ဘဝတည်းက ကျွန်တော်တို့က စပြီးတော့ ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ အာဟာရနဲ့ပတ်သက်ပြီးတော့ နံမည်ကြီးဆိုရိုးစကားတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါ ဘာလဲဆိုတော့ ကလေးတစ်ယောက်ကို မွေးမွေးချင်း အာဟာရကျွေးမယ်။ သေချာပြုစုစောင့်ရှောက် မယ်ဆိုလို့ရှိရင် အနည်းဆုံး ကိုးလနောက်ကျသွားပြီတဲ့။ ဘာလို့လဲဆိုတော့ မိခင်ဝမ်းထဲမှာရှိကတည်းက ကျွန်တော်တို့က သူ့ကို ကျွေးမွေးရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဖတ်ရတဲ့စာအုပ်တစ်အုပ်မှာ ဆိုလို့ရှိရင် ထိုင်းနိုင်ငံမှာ မူလတန်းကလေးအားလုံးကို နွားနို့တိုက်ပါတယ်။ နောက်ပြီး နေ့စဉ် စနေ၊ တနင်္ဂနွေဆိုရင် နွားနို့ ဗူးပါပေးလိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ ဒီလို တိုက်နိုင်တဲ့အနေ အထားလည်းမရှိပါဘူး။ ဒါတွေအားလုံးကိုတော့ ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်နဲ့လည်း ဆိုင်ပါ တယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း ဆိုင်ပါတယ်။ ဒါတွေကိုတော့ ကျွန်တော်တို့ အားလုံးက ဝန်ကြီးဌာနအားလုံး၊ ပြည်သူအားလုံး၊ နိုင်ငံရေးပါတီအားလုံးက နိုင်ငံရဲ့ဘဏ္ဍာ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာအောင် ဝိုင်းပြီးတော့ လုပ်ကြရမှာပါ။ ဒီလိုနည်းအားဖြင့်သာ ကျွန်တော်တို့က ဒီ ကလေး သူငယ်ပြုစုပျိုးထောင်ရေးစီမံချက်နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့အားလုံး နိုင်ငံတော်အစိုးရကို တိုက်တွန်းရုံတင်မကဘူး။ ကျွန်တော်တို့အားလုံးပါ လုပ်ရမယ်ဆိုတဲ့အချက်ကို ကျွန်တော် ထောက်ပြ ရင်းနဲ့ ဦးစိုင်းဦးခမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်း ကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ဦးစိုင်းဦးခမ်းရဲ့အဆိုကို အမျိုးသား ရေးရှုထောင့်က အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ တစ်ချိန်ချိန်မှာ တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်

စောင့်ရှောက်ရမယ့် မျိုးဆက်သစ်လူငယ်တွေရဲ့ဘဝအစကို နည်းမှန်၊ လမ်းမှန်နဲ့ ပြုစုပျိုးထောင်ခြင်းဟာ အလွန်ပင်အရေးကြီးကြောင်း ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ပြီးဖြစ်ပါယ်။ ဒီအတွက် မဟာဗျူဟာချမှတ်မယ်ဆိုရင် အမျိုးသားရေးစရိုက်လက္ခဏာနှင့် မျိုးချစ်စိတ်ဓာတ်များ ကွယ်ပျောက်မသွားရေးကို သတိပြုစဉ်းစားရပါမယ်။ မြန်မာနိုင်ငံမှာ ပြုစုပျိုးထောင်ပေးရမယ့် မြန်မာ့ ရှေးဦးအရွယ်ကလေးသူငယ်တွေကို မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာ မျိုးချစ်စိတ်ဓာတ်ရှင်သန်တိုးတက်လာရေးဟာ အရေးကြီးပါတယ်။ မြန်မာဆိုတာ ပြည်ထောင်စုနိုင်ငံတော်ကို ကိုယ်စားပြု ဖော်ပြတာပါ။ Power Point နဲ့ တင်ပြခွင့်ပြုပါ။ နိုင်ငံတော်ရဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေ ၂၂ နည်းဥပဒေခွဲ(က) မှာ အခြေခံကျွမ်းကျင်မှုနှင့်ပတ်သက်ပြီး မိခင်ဘာသာစကား အခြေခံကျွမ်းကျင်မှုနှင့်ပတ်သက်ပြီး မိခင်ဘာသာစကားပီသမှန်ကန်မှုကို တင်ပြပါအတိုင်း ဖော်ပြထားပါတယ်။ စာရိတ္တဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး စာပိုဒ်ခွဲ(ဂ)မှာ တင်ပြပါအတိုင်း ဖော်ပြထားပြီးတော့ မျိုးချစ်စိတ်ဓာတ်နှင့်ပတ်သက်ပြီး စာပိုဒ်ခွဲ(င)မှာ ယခုလို ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီပြဋ္ဌာန်းချက်တွေဟာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်အောင် လေ့ကျင့်ပေးရမယ့်အချက်တွေပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို မူကြိုပညာရေးကျောင်းများမှာ တည်ထောင်ဖွင့်လှစ်ခွင့်ရသူတိုင်း မှန်ကန်ပြည့်ဝစွာအကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ နိုင်ငံတစ်ခုတည်တံ့ခိုင်မြဲမှုက ဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများနှင့် အုပ်ချုပ်သူများက မိမိတို့ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှု၊ ဓလေ့၊ ဘာသာ၊ သာသနာစောင့်ထိန်းမှုနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်နေမှုအပေါ်မှာ မူတည်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသက်သုံးနှစ်မပြည့်သေးတဲ့ ကလေးသူငယ်တွေကို ပြုစုပျိုးထောင်ရေးနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနဟာ လမ်းညွှန်ချက် ၁၀ ချက်ကို နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(က)မှာ တင်ပြပါအတိုင်း ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီလမ်းညွှန်ချက်တွေက ကလေးသူငယ်ပြုစုပျိုးထောင်ရေးမှာ အရေးပါတဲ့လုပ်ငန်းတွေဖြစ်လို့ အမှန်တကယ်ကျွမ်းကျင်နားလည်သူ ဆရာမတွေရှိနေဖို့ လိုအပ်ပါတယ်။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ ECCD ရဲ့ အခြေခံချက်ဟာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲ ဖြစ်ပါတယ်။ ဒါတွေတိုးတက်မှ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်တယ်လို့ ခေါ်ဆိုမှာဖြစ်ပါတယ်။ ECCD ရဲ့ အဖွဲ့ငယ်တစ်ဖွဲ့ဟာ ၂၀၀၃ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်း ရန်ကုန်မှာရှိတဲ့ နေ့ကလေးထိန်းကျောင်းနှင့် မူကြိုကျောင်း ၃၀ ကို လေ့လာတဲ့အခါမှာ ECCD အနှစ်သာရနှင့်ကင်းကွာပြီး လွန်စွာစိတ်မကောင်းဖွယ်ရာဖြစ်ရတယ်လို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ စာအုပ်တစ်အုပ်မှာ တွေ့ရပါတယ်။ ဒါကြောင့် တကယ်ပဲ ကလေးသူငယ်တွေ ဖွံ့ဖြိုးတိုးတက်စေချင်ရင် လေ့ကျင့်သင်ကြားမှုတွေကို အမြဲမပြတ် စိစစ်ထိန်းကျောင်းပေးရန် လိုအပ်ပါတယ်။ ဒီနေရာမှာ အလေးထားတင်ပြလိုတဲ့အချက်ကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရ နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်း၊ ကျေးရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းတွေမှာ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုထားတဲ့ပြဋ္ဌာန်းချက်ကို ပြန်လည်သုံးသပ်စေလိုခြင်းပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက မြန်မာတိုင်းရင်းသားရင်သွေးငယ်တွေကို ပြည်နိုင်ငံခြားသား လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေက ပြုစုပျိုးထောင်မှုကို ခွင့်ပြုပေးတာ စဉ်းစရာကိစ္စပါ။ ဒီလိုခွင့်ပြုပေးခြင်းအားဖြင့် ရလာမယ့်အမြတ်နဲ့ ပေးဆပ်လိုက်ရမယ့်အရှုံးကို လေးနက်စွာ ရှုမြင်ကြည့်စေလိုပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်တွေ ပြုစုပျိုးထောင်ရေးဟာ အင်မတန်မှပဲ သိမ်မွေ့အရေးပါတဲ့လုပ်ငန်းဖြစ်လို့ မြန်မာ့ရင်သွေးငယ်တွေ မြန်မာနဲ့မဝေးအောင် အလေးဂရုပြုစေချင်ပါတယ်။ ရှေးဦးအရွယ်ကလေးသူငယ်တွေ ပြုစုပျိုးထောင်တဲ့ပညာရပ်၊ ရုပ်ဝတ္ထုပစ္စည်း၊ နည်းပညာနှင့် စနစ်တွေဟာ ပြည်ပနိုင်ငံတွေက သာလွန်ကောင်းမွန်တာ ငြင်းပယ်စရာမရှိပါဘူး။ ဒါတွေကို မြန်မာနိုင်ငံ တိုင်းရင်းသား ဆရာဆရာမ၊ စေတနာရှင်တွေကို စေလွှတ်သင်ယူတဲ့နည်းလမ်းက ပိုပြီးသင့်တော်မယ်လို့ အကြံပြုလိုပါတယ်။ အဆိုရှင်တင်ပြသလို လူတစ်ဦးစီရဲ့ ဖွံ့ဖြိုးတိုးတက်မှုက မွေးကင်းစမှ ရှစ်နှစ်အထိ အရေးကြီးဆုံးဖြစ်တဲ့အတွက် ဒီကာလလေးကို ပြည်ပနိုင်ငံခြားသားတွေနဲ့ သင်ကြားသင်ယူမှုခံယူခြင်းထက် ပြည်တွင်းက မြန်မာနိုင်ငံသား တိုင်းရင်းသားဆရာဆရာမတွေ သင်ကြားခံယူမှုက မြန်မာ့ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ မျိုးချစ်စိတ်ဆိုတာတွေ ယှဉ်တွဲပါလာပြီးတော့ နိုင်ငံတော်ကြီးကိုမပြိုမကွဲတည်မြဲအောင် ဆောင်ရွက်မယ့်လူသားအရင်းအမြစ်တွေဖြစ်လာမယ်လို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံတော်ဟာ သမိုင်းကြောင်းအခြေအနေအရ ကမ္ဘာ့အရပ်ရပ်၊ ကမ္ဘာမှာ နောက်ကျကျန်ခဲ့လို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ နည်းဗျူဟာ၊ မဟာဗျူဟာ၊ စံနှုန်းတွေကို အားကျနှစ်သက်တာ လက်ခံပါတယ်။ ဒါပေမဲ့ ဒါတွေကို ပုံတူကူးယူပြီး ကိုယ့်နိုင်ငံမှာ ကျင့်သုံးခြင်းဟာ အရာရာတိုင်းအတွက်တော့ အဆင်မပြေနိုင်ပါဘူး။ ဒီလိုစံနှုန်း ဗဟိုပြုချဉ်းကပ်မှု (Normative Approve) ထက် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရဲ့ ပကတိအခြေအနေကို လေ့လာဆန်းစစ်ပြီးမှ စီမံအသုံးပြုတဲ့ လက်တွေ့အခြေပြုချဉ်းကပ်မှု (Primitive Approve) ကို စဉ်းစားဆောင်ရွက်ခြင်းက ပိုမိုကောင်းမွန်မယ်လို့ ထပ်လောင်းအကြံပြုလိုပါတယ်။ အဆိုရှင်က မြန်မာနိုင်ငံမှာချို့တဲ့နေတဲ့မိဘတွေဟာ ကလေးသူငယ်တွေကို မူကြိုမထားနိုင်တာဟာ ငွေကြေးအခက်အခဲ၊ အချိန်အခက်အခဲ၊ အသိဉာဏ်ပညာအားနည်းမှု ရှိလို့ ထောက်ပြသွားပါတယ်။ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရက အလေးဂရုပြုသင့်ကြောင်း တင်ပြလိုပါတယ်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေအရ ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌလုပ်တဲ့ ဗဟိုကြီးကြပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့် ပုဒ်မ ၅ ပုဒ်မခွဲ(ခ)မှာ တင်ပြပါအတိုင်း ဖော်ပြထားတာ တွေ့ရပါတယ်။ ယနေ့ ဒီတာဝန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးပြီလား။ ဒီလိုဆောင်ရွက်ပေးမယ်ဆိုရင် ကျေးလက်နေပြည်သူတို့ရဲ့ ရှေးဦးအရွယ်လူငယ်တွေပြုစုပျိုးထောင်ရေးဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလို မရှိလို့မလုပ်၊ မလုပ်လို့မရှိမဖြစ်ရအောင်လည်း ကျေးလက်နေပြည်သူတို့ရဲ့ စီးပွားရေးဘဝတိုးတက်ရေးကို တာဝန်ရှိသူတွေက အောက်ခြေအထိ ဆင်းကြည့်ပြီး အမြန်ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အဆိုရှင်တင်ပြတဲ့ အဆိုမှာပါတဲ့အတိုင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ပတ်သက်ပြီး ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်ချမှတ်မယ်ဆိုရင် ကျွန်တော် တင်ပြ

ထားတဲ့အတိုင်း (က) မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူတို့ရဲ့ ကလေးသူငယ်တွေကို မြန်မာ့ယဉ်ကျေးမှုအမျိုးသားရေးစရိုက်လက္ခဏာ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးကို ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်၊ (ခ) ပြည်ပမှ ပုဂ္ဂလိက နှင့် အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေကို နေ့ကလေးထိန်းကျောင်း၊ မူကြိုကျောင်း၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းတွေ တည်ထောင်ဖွင့်လှစ်ရေးကို ပြန်လည်သုံးသပ်ရန်၊ (ဂ) ကလေးသူငယ်ပြုစု ပျိုးထောင်ရေးအတွက် မြန်မာနိုင်ငံသားတိုင်းရင်းသား မူလတန်းကြို ဆရာဆရာမများကို ပြည်ပနိုင်ငံ များရဲ့ သင်ကြားမှုစနစ်များ တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားပေးရန်၊ (ဃ) ဆင်းရဲချို့တဲ့မှုလျှော့ချ ရေးနှင့် နိုင်ငံတော်ရဲ့ လူမှုစီးပွားရေးဘဝတိုးတက်ရေးတို့ကို ဆောင်ရွက်ပြီးတော့ ကျေးလက်ဒေသ အထိ ကလေးသူငယ်တွေ ပြုစုပျိုးထောင်ရေးလုပ်ငန်းတွေကို အောင်မြင်အောင်အကောင်အထည် ဖော်ဆောင်ရွက်ရန်၊ (င) စံနှုန်းဗဟိုပြု ချဉ်းကပ်မှုထက် နိုင်ငံသူနိုင်ငံသားတွေ ယနေ့ ဖြစ်ပျက်နေတဲ့ ပကတိအခြေအနေတွေကို မှန်ကန်စွာသုံးသပ်ပြီး လက်တွေ့ဗဟိုပြုချဉ်းကပ်မှုနဲ့ ပေါင်းစပ်ဆောင်ရွက် နိုင်ရန်ဆိုတဲ့အချက်တွေကို ဒီမဟာဗျူဟာမှာ ထည့်သွင်းစဉ်းစား။

## ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ ရှင်းလင်း ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအုတ်မြစ်ဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုဖြစ်တဲ့အားလျော်စွာ ရှေးဦးကလေးသူငယ်ဘဝအရွယ်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးခြင်းဟာလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှု မှာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံ ခြင်းဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ လက်ရှိဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ လျင်မြန်စွာဖွံ့ဖြိုးတိုးတက် လာခြင်းဟာ ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့်ဖြစ်ကြောင်းကို လေ့လာ သိရှိရပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်ဖြင့်

ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် အခြေခံအုတ်မြစ်ဖြစ်တဲ့ ကလေးဖွံ့ဖြိုးမှုလုပ်ငန်းများကို နိုင်ငံနှင့်အဝန်းအကြားအလပ်မရှိ ဆောင်ရွက်ကြဖို့ အထူးလိုအပ်တာဖြစ်ပါတယ်။

ဒါ့ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ နိုင်ငံရဲ့ကလေးသူငယ်တိုင်း အချိုးညီစွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအခြေပြု၊ ရပ်ရွာအခြေပြုလုပ်ငန်းများမှာ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထူထောင်ထားသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများမှာ နှစ်စဉ်ငွေကြေးနှင့် နည်းပညာ အကူအညီများပေးခြင်း၊ အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနက ၁၉၇၃ ခုနှစ်ကစပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသော ရပ်ရွာပြည်သူလူထုမှဦးစီးတဲ့ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ဖွင့်လှစ်တဲ့ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း ၉၇၅ ကျောင်းမှာရှိတဲ့ တာဝန်ခံနှင့် စာသင်ဆရာမတို့ကို လစဉ် ၉၀၀၀ ကျပ်နှုန်းနဲ့ တစ်နှစ်လျှင် ကျပ် ၁၈၀၀၀၀ ထောက်ပံ့ပေးလျက်ရှိရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး လစဉ် ကျပ် ၅၀၀၀၀ နှုန်းနှင့် တစ်နှစ်လျှင်ကျပ် ၆၀၀၀၀၀ အထိ တိုးမြှင့်ပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းပေါင်း ၁၀၂၅ ကျောင်းထိ တိုးမြှင့်ပြီး နိုင်ငံတော်အနေနဲ့ ထောက်ပံ့ငွေကျပ် ၆၁၅ သန်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ နည်းပညာနှင့် သင်ထောက်ကူပစ္စည်းများကိုလည်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၃၀၀ အတွက် ငွေကျပ် သန်း ၃၀ ကို နိုင်ငံတော်က ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုးမြှင့်ကူညီထောက်ပံ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် လူမှုဝန်ထမ်းဦးစီးဌာနဟာ ဌာနတွင်းမူလတန်းကြိုကျောင်းများမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဆရာမများ လုပ်ငန်းခွင်ဝင်ရောက်ပြီး ခြောက်လအတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း တစ်လကို မပျက်မကွက်တက်ရောက်စေပြီးတော့ မွမ်းမံသင်တန်းများကိုလည်း တက်ရောက်စေမှာဖြစ်ပါတယ်။ ရပ်ရွာအတွင်းဖွင့်လှစ်လျက်ရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှာရှိတဲ့ ဆရာမများကိုလည်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း၊ မွမ်းမံသင်တန်းများကို နှစ်စဉ်တစ်ကြိမ်စီဖွင့်လှစ်၍ စွမ်းဆောင်ရည်မြှင့်တင်ပေးလျက်ရှိပါတယ်။ ရပ်ရွာအတွင်းမှာရှိတဲ့ မိဘများကိုလည်း အသိပညာပေးခြင်းလုပ်ငန်းကို တစ်နှစ်လျှင် သုံးကြိမ်ပြုလုပ်ပေး၍ အသိပညာဖြန့်ဝေလျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနဟာ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးတော့ ၁၀-၉-၂၀၁၅ ရက်နေ့မှာ နည်းဥပဒေကို ဆက်လက်ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒတစ်ရပ်ကိုလည်း လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး UNICEF ရဲ့ပံ့ပိုးကူညီမှုနှင့် ၂၀၁၂ ခုနှစ် ဇွန်လမှာရေးဆွဲခဲ့ပါတယ်။ ၈-၇-၂၀၁၄ ရက်နေ့

မှာ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းအသီးသီးကို အတည်ပြုဖြန့်ဝေခဲ့ပါတယ်။ အဲဒီမူဝါဒမှာ မဟာဗျူဟာ ၁၀ ရပ်ကို ရေးဆွဲထားပြီး မဟာဗျူဟာလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့အတွက် အမျိုးသားအဆင့် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီတစ်ရပ် လိုအပ်တာကို တွေ့ရှိတဲ့အတွက်ကြောင့် အစိုးရအဖွဲ့သစ်လက်ထက်မှာ အဲဒီကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် စုစုပေါင်းအဖွဲ့ဝင် ၁၈ ဦးဖြင့် ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီ ကော်မတီရဲ့ဆောင်ရွက်ချက်တွေကတော့ ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွား ပြီးစအချိန်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ မွေးစမှသုံးနှစ်အရွယ် ကလေးများအတွက် ဝန်ဆောင်မှုများ၊ မွေးစမှ ငါးနှစ်အရွယ်အတွင်း ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစစ်ဆေးပံ့ပိုးသည့် ဝန်ဆောင်မှုများ၊ သုံးနှစ်မှ လေးနှစ်အရွယ်ကလေးများအတွက် မူကြိုပညာရေး၊ ငါးနှစ်မှရှစ်နှစ်အရွယ် ကလေးများအတွက် အကူးအပြောင်း၊ သူငယ်တန်းနှင့် မူလတန်းအောက်အဆင့်ပညာရေးလုပ်ငန်းများ၊ အထူးလိုအပ်လျက်ရှိသော ကလေးများ၏ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိသားစုနှင့်အတူနေထိုင်နိုင်စေရန် စီစဉ်ဖန်တီးခြင်း၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာရှင်လုပ်အားပေး သို့မဟုတ် ဝန်ထမ်းရဲ့အရည်အသွေးစွမ်းရည်ကိုမြှင့်တင်ပေးရန် လုပ်ငန်းခွင် သင်တန်းစနစ်တည်ထောင်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ် ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ် ထူထောင်ခြင်း၊ မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ပြန်ကြားဆက်သွယ်ပညာပေးခြင်း၊ ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို တည်ထောင်ဖွဲ့စည်းခြင်းစသည့်လုပ်ငန်းများဖြစ်ပါတယ်။

အဲဒီပြင် မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ မွေးစမှ ငါးနှစ်အရွယ်ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပံ့ပိုးပေးသည့် လုပ်ငန်းများကို အကောင်အထည်ဖော်တဲ့အနေနဲ့ မသန်စွမ်းကလေးများအပါအဝင် အထူးလိုအပ်လျက်ရှိတဲ့ ကလေး များအားလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုကို စောစီးစွာသိရှိဖြည့်ဆည်းပေးနိုင်ဖို့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှု (Early Childhood Intervention-ECI) ဖော်ဆောင်လျက်ရှိပါတယ်။ အဲဒီလို ဖော်ဆောင်နိုင်ဖို့ ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေး အခြေအနေတိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ၂၀၁၇-၂၀၂၁ ကို ရေးဆွဲပြီး အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့ ကိုးနှစ်စီမံကိန်းနဲ့ တစ်မြို့နယ်မှာ စံပြမူလတန်းကြိုကျောင်း တစ်ကျောင်းဖွင့်လှစ်ဆောင်ရွက်သွားဖို့နှင့် မူလတန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် နှစ်စဉ် အမျိုးသားစီမံကိန်းအတွက် တစ်နှစ်လျှင် ၁၀ ကျောင်းနှုန်း တိုးချဲ့နိုင်ရေးရေးဆွဲလျက်ရှိရာ ပိုမိုတိုးချဲ့

နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၇ ခုနှစ်စာရင်းအရ နှိုင်းယှဉ်လို့ရှိရင် မူကြိုကျောင်းပေါင်း ၃၀ ရာခိုင်နှုန်း တိုးတက်လာတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ထို့အပြင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ INGOs အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Good Neighbors International အဖွဲ့ကလည်း ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှာ ဌာနပိုင်မူလတန်းကြိုကျောင်း အဆောက်အဦသစ်များ ဆောက်လုပ်ပေးခြင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအချို့အား ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာမှာလည်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာဒေသတွင်း နှီးနှောဖလှယ်ပွဲများကို UNICEF, INGO, NGO များနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေနိုင်ခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာမှာ ပညာရေးဖွဲ့စည်းပုံ စနစ်သစ် (KG + 12) ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ KG (သူငယ်တန်း)အတွက် သင်ရိုးအသစ်ကို ကြိုတင်ရေးဆွဲ၍လည်းကောင်း၊ ကျောင်းဆောင်များနှင့် KG Kids များကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များမှာ ဦးစားပေးကဏ္ဍအနေနဲ့ နှစ်စဉ်ထည့်သွင်းရေးဆွဲ၍လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာရေးဖွဲ့စည်းပုံစနစ်သစ် (KG +12) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် အသက်ငါးနှစ်ပြည့်ပြီးသော ကလေးသူငယ်များဟာ KG တန်း(သူငယ်တန်း) ကို စတင်သင်ကြားရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေ(၂၀၁၄) ခုနှစ်ရဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ဌ)မှာ ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးဆိုသည်မှာ မွေးစမှ အသက် ၈ နှစ်ပြည့်သည်အရွယ်အထိ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရှိစေရန် ဖွံ့ဖြိုးမှုအဆင့်နှင့်ကိုက်ညီသော နည်းလမ်းများကို အသုံးပြုပြီး ပြုစုပျိုးထောင်ပေးသော ပညာရေးကိုဆိုလိုသည်ဟုလည်းကောင်း၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဏ)မှာ မူကြိုပညာရေးဆိုတာဟာ အသက် ၃ နှစ်မှ ငါးနှစ်အရွယ်ကလေးများရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာဆက်လက်သင်ယူနိုင်ရေးတို့ အတွက် ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးကိုဆိုလိုသည်ဟုလည်းကောင်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးဥပဒေများနှင့်အညီ ပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ ကိုရေးဆွဲပြီး စီမံကိန်းပါလုပ်ငန်းများကို ကဏ္ဍအလိုက်၊ နှစ်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ မူကြိုနှင့် သူငယ်တန်း ပညာရေး ဆိုင်ရာ မဟာဗျူဟာမြောက် အပြောင်းအလဲဖြစ်အောင် အပြန်အလှန် ဆက်စပ်ဖြည့်ဆည်းပေးတဲ့ မဟာဗျူဟာလေးရပ်ကို ချမှတ်ထားပြီးဖြစ်ပါတယ် -

(က) မူကြိုဝန်ဆောင်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ဆောင်ရွက်ပေးခြင်း၊

(ခ) ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ဖျားဒေသများရှိ ကလေးများအတွက် မူကြို ဝန်ဆောင်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဂ) မူလတန်းကျောင်းသို့ ဝင်ရောက်သည့်ကလေးများကို ပိုမိုကောင်းမွန်စွာ ပြင်ဆင်ပေးရန် မူကြိုကျောင်းများ၏ အရည်အသွေးကို မြှင့်တင်ခြင်း၊

(ဃ) အရည်အသွေးရှိ သူငယ်တန်းပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည် တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ မှာ ကဏ္ဍတစ်ရပ်အနေနဲ့ မဟာဗျူဟာများ၊ အစီအစဉ်များ ရေးဆွဲလျက်ရှိကြောင်း တစ်ပေါင်းတည်းရှင်းလင်းတင်ပြအပ်ပါတယ်။

အဆိုရှင်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးနဲ့ တခြားအဆိုရှင်များကို ထောက်ခံသော လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကိုလည်း အလေးထားဆောင်ရွက်မှာဖြစ် ပါတယ်။ ကျောက်တန်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ အကြံပြုချက်မှာ ပြည်သူပါဝင်တဲ့ ပညာပေးလှုံ့ဆော်မှုများကို ထိရောက်စွာဆောင်ရွက်ရမယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လုပ်ငန်းအကောင်အထည်ဖော်မှုတိုင်းမှာ ပြည်သူနှင့်အတူ ပြည်သူပါဝင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်။

နောက်တစ်ချက်ကတော့ လှိုင်ကော်မဲဆန္ဒနယ်က ဒေါ်ခင်စည်သူရဲ့ အဆိုပြုချက်မှာပါတဲ့ အတိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟာ ကလေးသူငယ် ဆိုင်ရာအခွင့်အရေးဥပဒေသစ်ကို ရေးဆွဲပြီးတော့ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်များဟာ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးဥပဒေ သစ်နဲ့ ဆက်စပ်လိုက်ရင် လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)ရဲ့ အကြံပြုချက်များကို ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်တယ်ဆိုတာကို အသိပေးလိုပါတယ်။

အုတ်တွင်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါ်ချိုချိုရဲ့ နိုင်ငံတော်က ပံ့ပိုးမှု ပိုမိုရရှိရေးတိုက်တွန်းချက်ကတော့ ကျွန်တော်တို့အတွက် အင်မတန်ကောင်းမွန်တဲ့ တွန်းအားတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မဟာဗျူဟာစီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာ မှာ ပိုမိုပြီးတော့ နိုင်ငံတော်အစိုးရရဲ့ပံ့ပိုးကူညီမှုတွေကို ပိုမိုပေးနိုင်မှာဖြစ်ပါတယ်။

ခနုဖြူမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှရဲ့ ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်ခြင်း ကလည်း ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)ရဲ့ အဆိုပြုချက်၊ ထောက်ခံချက်အတိုင်းပဲဖြစ်ပါ တယ်။

တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ရဲ့ အာဟာရနှင့်ပတ်သက်တဲ့ ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်ဖို့ အကြံပြုချက်များဟာ အလွန်သင့်မြတ်မှန်ကန်ပြီးတော့ ကျွန်တော်တို့ရဲ့ မူကြိုများနှင့်

ပတ်သက်ပြီးတော့ ရှေးဦးအရွယ်ကလေးသူငယ်များရဲ့စောင့်ရှောက်ရေးဂေဟာတွေမှာ၊ စောင့်ရှောက်ရေးဌာနတွေမှာ အကုန်လုံးရဲ့ အာဟာရကိုကျွေးမွေးတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ပြည့်ဝတဲ့အာဟာရ၊ ပြည့်ဝရေးအတွက်ကို အာဟာရပညာရှင်များ အဖွဲ့ကနေပြီးတော့ ဆုံးဖြတ်ချက်ရဲ့ စီစဉ်ဆောင်ရွက်တဲ့ အာဟာရတန်ဖိုးများအတိုင်း တွက်ချက်ပြီးတော့ ကျွေးမွေးစောင့်ရှောက်လျက်ရှိပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)ရဲ့ ဆွေးနွေးချက်အရ ပုဂ္ဂလိကအားပေးမှု ပြန်လည်သုံးသပ်ရေးဆိုတဲ့ကိစ္စကတော့ အလွန်ပဲမှန်ကန်သင့်မြတ်တဲ့အဆိုပြုချက်လို့ယူဆပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ တင်ပြချင်တာကတော့ ကျွန်တော်တို့ရဲ့လုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြင်ပရင်းနှီးမြှုပ်နှံမှုများနှင့် အကျိုးတူပူးပေါင်း၍ ပြည်ပအဖွဲ့အစည်းများ၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များ ဖွင့်လှစ်လိုသည်များအတွက် ဖွင့်လှစ်ဆောင်ရွက်ခွင့်ကို ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေမှာ ထည့်သွင်းထားပါတယ်။ ဥပဒေထည့်သွင်းထားရုံတွင်မကဘဲနဲ့ ဒီဥပဒေအရ ဖွင့်လှစ်မယ့်ကျောင်းများရဲ့၊ မူလတန်းကျောင်းများနှင့် နေ့ကလေးထိန်းဌာနများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ဖို့ ဗဟိုကြီးကြပ်အဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်အဖွဲ့လည်း ဖွဲ့စည်းထားရှိပြီးတော့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ကျွန်တော်တို့ဆောင်ရွက်ထားတဲ့ကိစ္စကတော့ သင်ကြားမယ့် သင်ရိုးညွှန်းတမ်းတွေကို သင်ရိုးညွှန်းတမ်းမှာပါဝင်တဲ့ အခြေခံကျွမ်းကျင်မှုအတွက် မိခင်ဘာသာစကားပီသမှန်ကန်မှု၊ အင်္ဂလိပ်ဘာသာစကားပီသမှန်ကန်မှု၊ အခြေခံသင်္ချာခွဲခြားနားလည်မှုအပြင် ကာယဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ ရသခံစားမှု လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်း မျိုးချစ်စိတ်ဓာတ်နှင့် ပတ်ဝန်းကျင်လေ့လာမှုအစီအစဉ်တွေကို ဌာနအခြေပြုမူလတန်းကြိုကျောင်းများနှင့် တစ်ပြေးညီသတ်မှတ်ထားရှိတဲ့အတွက်ကြောင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှု မပပျောက်အောင် ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ ကြေညာချက်တွေ အသက်ဝင်အောင် ကျွန်တော်တို့ ပူးပေါင်းကြိုးစားဆောင်ရွက်လျက်ရှိတယ်ဆိုတာကိုလည်း တင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြလိုတဲ့အချက်ကတော့ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ပေးနိုင်ရေးနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များ အကျုံးဝင်သော ရှေးဦးအရွယ် ကလေးသူငယ်များဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း အစိုးရသစ်လက်ထက်မှာ ပိုမိုကောင်းမွန်တဲ့ဥပဒေများအဖြစ် ပြင်ဆင်ရေးဆွဲပြီးဖြစ်ခြင်း၊ အကောင်အထည်ဖော်ဖို့ မဟာဗျူဟာ ၁၀ ရပ်ရေးဆွဲထားရှိပြီးတော့ ဆောင်ရွက်နေခြင်း၊ အကောင်အထည်ဖော်ရာမှာလည်း ပိုမိုထိရောက် စေရန်အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ခြင်း၊ ECI အစီအစဉ်ဖြင့် ဖွံ့ဖြိုးမှုတိုင်းတာ စစ်ဆေးခြင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများပြုလုပ်ရန် မဟာဗျူဟာ ၂၀၁၇-၂၀၂၁ ကို ချမှတ်ပြီးဖြစ်တဲ့အပြင် နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ခုနှစ်မှစပြီးတော့ ၉ နှစ်စီမံကိန်းချမှတ်ပြီး မူကြိုကျောင်းများဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေခြင်း၊ ထောက်ပံ့မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းစသည့်အပြင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်တဲ့နေရာမှာ လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မူဝါဒအသစ်များချမှတ်ဆောင်ရွက် လျက်ရှိရာမှာ ချမှတ်ထားတဲ့မူဝါဒအသစ်တွေဟာ ရှေးဦးအရွယ်ကလေးသူငယ်များ ရင်းနှီးမြှုပ်နှံမှု အတွက် အဓိကဆောင်ရွက်ချက်များကို ဦးတည်မှုများပါရှိခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် ကြီး၏အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ အဆိုနှင့်ပတ်သက်ပြီးတော့မှ ဆွေးနွေးပေးတဲ့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကျွန်တော့်အဆိုကို ထောက်ခံအကြံ ပြုဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အဆိုကို တင်သွင်းရခြင်းရည်ရွယ်ချက်လေး အကျဉ်းချုံးပြောပြလိုပါ တယ်။ ကျွန်တော်ဟာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းကို တစ်စိုက်မတ်မတ် ၁၀ နှစ်ကျော် ကာလအထိကို ဆောင်ရွက်ခဲ့ဖူးပါတယ်။ အဲဒီအတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့မှ မူလတန်းကျောင်း က သူငယ်တန်းတက်လာတဲ့ကလေးတွေကို ကျွန်တော်ပြန်ပြီးတော့ ၁၀ နှစ်တာကာလကို တွေ့ကြုံရတဲ့ အတွေ့အကြုံလေးနဲ့ ရှင်းပြချင်ပါတယ်။ မူလတန်းကျောင်း သူငယ်တန်းကို ရောက်လာတဲ့ကလေးမှာ အုပ်စုသုံးစုရှိပါတယ်။ ငါးနှစ်ပြည့်ပြီးမှ ရောက်လာတဲ့ကလေး ဘာမှလေ့ကျင့်သင်ကြားမှုမရှိတဲ့ကလေး ကတစ်ဖွဲ့၊ နေ့ကလေးထိန်းကျောင်းအဆင့်လောက်သာရှိတဲ့ ရောက်လာတဲ့ ကလေးတွေက တစ်ဖွဲ့ရယ်၊ နောက်ဆုံးစနစ်တကျလေ့ကျင့်ပျိုးထောင်ထားတဲ့ နည်းပညာများနဲ့ ပြုစုပျိုးထောင်ပေးတဲ့ ကလေးက တစ်ဖွဲ့။ အဲဒီသုံးဖွဲ့က သူငယ်တန်းကို ရောက်လာတယ်ဆိုတဲ့အခါကျတော့ သုံးဖွဲ့လုံးရဲ့အရည်အချင်း သည် မတူညီတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးတဲ့ကလေးက A အဆင့်မှာ ရောက်နေပါတယ်။ Top 10 အဆင့်မှာရှိနေကြပါတယ်။ အခုနက နေ့ကလေးထိန်းကျောင်း သာသာလောက်သာရှိတဲ့ ကလေးတွေကျတော့ အလယ်အလတ်တန်း၊ နောက်ပြီးတော့မှ ဘာမှလေ့ကျင့် သင်ကြားမှုမရှိတဲ့ကလေးတွေက၊ ငါးနှစ်ပြည့်ပြီး ကျောင်းလာအပ်တဲ့ကလေးတွေက နောက်ဆုံးတန်းမှာ ဖြစ်ပါတယ်။ ဒီအတွေ့အကြုံအရ ကလေးတွေရဲ့ကျောင်းထွက်နှုန်း၊ ကျောင်းဝင်နှုန်းတွေမှာလည်း စကားပြောသွားပါတယ်။ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးတဲ့ကလေးတွေက ထူးချွန်ပြီးတော့ ကျောင်းပျော်ပြီးစာတော်တဲ့ကလေးတွေ ဖြစ်သွားတာ များပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိကျွန်တော် တင်ထားတဲ့အဆိုသည် နိုင်ငံတော်အတွက် အရေးကြီးလှတဲ့ လုပ်သားကောင်းကြီးများတွေကို မွေးထုတ် ပေးတဲ့ တကယ့်အရင်းအနှီးထားရမယ့်နေရာများဖြစ်တဲ့အတွက် ကျွန်တော့်အဆိုကို အတည်ပြုပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဦးခမ်း၊ သိန္နီမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်

ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၇၃ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၁၉ မဲ၊ ကြားနေဆန္ဒမဲပေါင်း နှစ်မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးစိုင်းဦးခမ်းတင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့(၂၆-၁၀-၂၀၁၇ ရက်နေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၀-၁၀-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၃၂)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ဒီနေ့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသောမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၇-၇-၂၀၁၇ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၁၆-၈-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ဖြစ်သည့် ၂၆-၁၀-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၀-၁၀-၂၀၁၇ ရက်နေ့ (တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများဖြစ်သည့် ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)၊ ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)၊ ဒေါ်စန်းစန်းအိ (မိုးညှင်းမဲဆန္ဒနယ်)၊ ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)နှင့် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်(တပ်မတော် သားကိုယ်စားလှယ်)များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသည့် အထက်ပါကိုယ်စားလှယ် ငါးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၇-၁၁-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိုညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက် လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားသည့်(၃၂)ချက်ကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ထို့အတွက် အထက်တင်ပြပြီးသည့်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် အမျိုးသားလွှတ်တော်၏အတည်ပြုချက်(၃၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃၂)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၃၂)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၃၂)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက်(၂၆)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အထက်တွင်တင်ပြခဲ့သည့် ညှိနှိုင်းအစည်းအဝေး၏သဘောတူဆုံးဖြတ်ချက်အရ အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၂၆)ချက်ရှိပါတယ်။ ပြင်ဆင်ရန်တင်ပြချက်(၂၆)ချက်ကိုလည်း လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၂၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြထားတဲ့ တင်ပြချက်(၂၆)ချက်နဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၂၆) ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ပြင်ဆင်ချက် (၂၆)ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားသော တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးညီညီလွင်နှင့် ဥပဒေကြမ်းကော်မတီတို့က ပြင်ဆင်ချက်တစ်ချက်အား ဆွေးနွေးမှာ ဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါမယ်။ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးညီညီလွင် အားဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးညီညီလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်ရန်တင်ပြချက်ဇယားစာမျက်နှာ ၂၂၊ အမှတ်(၄၈)၊ အပိုဒ် ၁၇ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ရဲ့နောက်မှာ ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)အဖြစ် အသစ်ဖြည့်စွက်လိုပါတယ်။ Power Point ဖြင့်ရှင်းလင်းတင်ပြရန် ခွင့်ပြုပါ။ ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)ပြဋ္ဌာန်းချက်အရ ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမစစ်ဆေးချက်ခံယူရန်အတွက် မသမာသောနည်းတစ်ခုခုဖြင့် ဌာန၊ ဂေဟာသို့ ဆောလျင်စွာ ပို့အပ်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိသောသူတစ်ဦးဦးကို မသမာသောနည်းတစ်ခုခုဖြင့် ဌာန၊ ဂေဟာသို့ မပို့အပ်လျှင်ဖြစ်စေ ထိုရဲတပ်ဖွဲ့ဝင်ကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်လို့ဖြည့်စွက်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့စိစစ်ချက်ဇယားစာမျက်နှာ ၁၁၊ အမှတ်စဉ်(၁၆)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)မှာ Power Point မှာတင်ပြထားတဲ့အတိုင်း ဖော်ပြထားပါတယ်။ ဒီပုဒ်မအရ မူးယစ်ဆေးဝါးသုံးစွဲတယ်လို့ သံသယရှိတဲ့သူကို ပဏာမစစ်ဆေးချက်ခံယူရန်နှင့် ဆေးဝါးသုံးစွဲကြောင်းစစ်ဆေးတွေ့ရှိပါက ဆေးကုသတဲ့ဌာန၊ ဂေဟာသို့ ဆောလျင်စွာပို့အပ်ရန်တာဝန်ဟာ ရဲတပ်ဖွဲ့ဝင်ရဲ့တာဝန်သာဖြစ်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးသုံးစွဲကြောင်း သံသယရှိတယ်လို့ သတင်းပေးခံရသူကို မသမာသောနည်းတစ်ခုခုဖြင့် ကျန်းမာရေးဌာန၊ ဂေဟာတစ်ခုခုကို ဆောလျင်စွာမပို့ရင်ပဲဖြစ်ဖြစ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိတဲ့ ပြည်သူတစ်ဦးဦးကို မသမာသောနည်းတစ်ခုခုဖြင့် ကျန်းမာရေးဌာန၊ ဂေဟာတစ်ခုခုသို့ ပို့အပ်ခဲ့လျှင်ပဲဖြစ်ဖြစ် ဒီဥပဒေပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်နေတဲ့အတွက် အဆိုပါရဲတပ်ဖွဲ့ဝင်ကို အရေးယူရတော့မှာဖြစ်ပါတယ်။ ဥပဒေအရ လုပ်ရမယ့်အလုပ်တာဝန်ကို မလုပ်ရင်၊ မလုပ်ရမယ့် အလုပ်ကိုလုပ်ရင် အပြစ်ရှိမှာဖြစ်ပါတယ်။ ပုဒ်မ ၉ ပုဒ်မခွဲ(ဃ)အရ မူးယစ်ဆေးဝါးသုံးစွဲတယ်လို့ သံသယရှိတဲ့သူကို သက်ဆိုင်ရာဌာနကို ပို့အပ်ရမယ့်တာဝန်ဟာ ရဲတပ်ဖွဲ့ဝင်ရဲ့တာဝန်ဖြစ်တယ်လို့ အတိအလင်းဖော်ပြထားပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်ပတ်သက်ပြီး စတင်အရေးယူဆောင်ရွက်ဖို့ ရဲတပ်ဖွဲ့ဝင်အပေါ်မှာ လုံးလုံးလျားလျားတာဝန်ကျရောက်နေတယ်လို့ယူဆရပါတယ်။ ဒီနေရာမှာ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူဟာ ငွေကြေးတတ်နိုင်သူဖြစ်ပြီး ဌာန၊ ဂေဟာသို့သွားရောက်လိုခြင်းမရှိလျှင်ဖြစ်စေ၊ ဌာန၊ ဂေဟာသို့ ဆောလျင်စွာပို့ရမယ့်အစား ဆေးစစ်ဆေးချက်အဖြေမှလွတ်ကင်းအောင် အချိန်ဆွဲလို့ရင်ဖြစ်စေ ရဲတပ်ဖွဲ့ဝင်ကို ငွေကြေး၊ ပစ္စည်းတစ်ခုခုဖြင့်

လာဘ်ထိုးခြင်းပြုလုပ်လာနိုင်ပါတယ်။ ဒီလိုအဂတိလိုက်စားမှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဥပဒေအရ ဟန့်တားထိန်းချုပ်နိုင်ရန် ပြဋ္ဌာန်းလိုခြင်းပဲ ဖြစ်ပါတယ်။

ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လုပ်ငန်းဆောင်ရွက်နေတဲ့၊ မူးယစ်ဆေးစွဲနေသူတွေကို မူးယစ်ဆေးပြတ်အောင် ကူညီဆောင်ရွက်ပေးနေတဲ့ ရဲတပ်ဖွဲ့ဝင်ကို အရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက် မဟုတ်ပါ။ အဂတိလိုက်စားခြင်းစတဲ့ မသမာသောနည်းတစ်ခုခုကို အသုံးပြုမှသာ အရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားတဲ့ ရဲတပ်ဖွဲ့ဝင်ကို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးဥပဒေတို့နှင့် အရေးယူဆောင်ရွက်နိုင်တယ်လို့ ဆိုပေမဲ့လည်း ယခုပြင်ဆင်ပြဋ္ဌာန်းမယ့်ဥပဒေမှာ တစ်ပါတည်းထည့်သွင်းဖော်ပြခြင်းအားဖြင့် ပြည်သူ လူထုအနေနဲ့ ရှင်းရှင်းလင်းလင်း သိရှိနိုင်မှာဖြစ်သလို ဥပဒေထိန်းချုပ်မှုအောက်မှာရှိနေတဲ့အတွက် ရဲတပ်ဖွဲ့ဝင်တွေကို ပြည်သူလူထုက ပိုပြီးယုံကြည်အားကိုးလာမယ်လို့လည်း ယုံကြည်ပါတယ်။ မူလ ဥပဒေပုဒ်မ ၁၇ မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ပြစ်ဒဏ်ချမှတ် နိုင်ရန် ပြဋ္ဌာန်းထားသလို ဥပဒေကြမ်းကော်မတီရဲ့စစ်ဆေးချက် စာမျက်နှာ ၁၉၊ အမှတ်စဉ်(၅၀)မှာ လည်း ပုဒ်မ ၁၇ ရဲ့နောက်မှာ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ဖြည့်စွက်ချက်အဖြစ် ဆက်သွယ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူတွေကိုလည်း ပြစ်ဒဏ်ချမှတ်နိုင်ရန် ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အထက်ပါဖော်ပြသကဲ့သို့ ရဲတပ်ဖွဲ့ဝင်က မူးယစ်ဆေးဝါးသုံးစွဲကြောင်း သံသယရှိတဲ့သူကို မသမာသော နည်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက ပြစ်ဒဏ်ချမှတ်နိုင်ရန် ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ရဲ့နောက်မှာ ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း အဆိုပြုတင်သွင်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုနက အသစ်ဖြည့်စွက်ရန်တင်ပြတဲ့ ဒုတိယ ဗိုလ်မှူးကြီးညီညီလွင်ကတော့ ကျွန်တော်တို့ပြဋ္ဌာန်းပြီးဖြစ်တဲ့ အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)အပေါ်မှာ ရဲတပ်ဖွဲ့ ဝင်ရဲ့ ဖောက်ဖျက်မှုကို အပြစ်ပေးလိုတဲ့သဘောဖြစ်ပါတယ်။ အတည်ပြုခဲ့ပြီးဖြစ်တဲ့ အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)ကို ကျွန်တော် ပြန်ဖတ်ပြပါမယ်။ ရဲတပ်ဖွဲ့ဝင်သည် ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူအား ပဏာမ စစ်ဆေးချက်ခံယူနိုင်ရန်နှင့် ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသနိုင်ရန် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့်ဌာန၊ ဂေဟာ သို့မဟုတ် အစိုးရက ဤကိစ္စအလို့ငှာ အသိအမှတ်ပြုထားသည့် အနီးဆုံးဆေးကုဌာန၊ ဂေဟာသို့ ဆောလျင်စွာပို့အပ်ရမည် ဟု အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းကို ကျွန်တော်တို့လွှတ်တော်က အတည်ပြုထား တာဖြစ်ပါတယ်။ အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ထိုအတည်ပြုချက်ပါပြဋ္ဌာန်းချက်အရ မူးယစ် ဆေးဝါးသုံးစွဲတဲ့သူတွေကို ကျွန်တော်တို့က ပြစ်ဒဏ်ချမှတ်တော့မှာ မဟုတ်ပါဘူး။ နောက် ဆေးကုသမှု ဂေဟာ၊ ဌာနသို့ ပို့ဆောင်ကာ ဆေးဝါးကုသမှုကို ခံယူစေလိုတဲ့သဘောနဲ့ ဒီပြဋ္ဌာန်းချက်အသစ်ကို အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြီး ကျွန်တော်တို့ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ထောင်ဒဏ်ချမှတ်သည့်ပြစ်မှုလည်း မဟုတ်တော့ပါဘူး။ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူကို။ အဲဒီလို ထောင်ဒဏ်ချမှတ်တော့မည့် ပြစ်မှုမဟုတ်တဲ့ကိစ္စရပ်ကို ထိုကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲသူကို

တွေ့တဲ့သူကို ပို့ဆောင်ရန်ပျက်ကွက်တာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိသူကို ဆေးကုသဌာန၊ ဂေဟာသို့ မှားယွင်းစွာ ပို့ဆောင်ခြင်းကြောင့် ထိုရဲတပ်ဖွဲ့ဝင်ကို ထောင်ဒဏ်သုံးနှစ်ထိမပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ထည့်သွင်းရန် လုံးဝမသင့်တော်ပါဘူး။ ယခုဥပဒေဖြစ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင်လည်း ကျွန်တော်တို့ စုံစမ်း စစ်ဆေးပိုင်ခွင့်ရှိသည့် တာဝန်ရှိသူမှ မသမာသောနည်းလမ်းဖြင့် ဆောင်ရွက်လျှင် ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်တယ် လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ စုံစမ်းစစ်ဆေးရန် တာဝန်ရှိတယ်ဆိုတာကလည်း ဒါရဲတပ်ဖွဲ့ဝင် တွေကိုပဲ ပြောတာပါ။ ရဲတပ်ဖွဲ့ဝင် လို့ဆိုလိုရင်းဖြစ်တဲ့အတွက် ဒီလက်ရှိပြဋ္ဌာန်းပြီးသား ပုဒ်မ ၁၈ အရ ပျက်ကွက်လျှင်လည်း ထိုရဲဝန်ထမ်းထောင်ကျနိုင်တဲ့ ပြစ်မှုလည်းရှိပြီးသား ဖြစ်ပါတယ်။ ထို့အပြင် ရဲဝန်ထမ်းတစ်ဦးသည် ရဲလက်စွဲဥပဒေတစ်ရပ်ဖြစ်သည့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေများအရ ဖြစ်စေ၊ တာဝန်ဝတ္တရားတစ်ခုခုကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ပျက်ကွက်ခြင်း၊ ဖောက်ဖျက်ခြင်း၊ မှန်မှန်ဆောင်ရွက်ခြင်းများရှိခဲ့လျှင် ရဲစည်းကမ်းထိန်းသိမ်းရေးအရ ဌာနတွင်းအပြစ်ပေးခြင်းများခံရ မည့်အပြင် ထိုဥပဒေများအရလည်း ထောင်ဒဏ်ချမှတ်နိုင်မည့် ပြစ်ဒဏ်ကိုလည်းကျခံရမှာ ဖြစ်ပါ တယ်။

သို့အတွက် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒုတိယဗိုလ်မှူးကြီး ညီညီလွင် ပြင်ဆင်ရန်တင်ပြသည့် ပြဋ္ဌာန်းချက်အား ယခုဥပဒေဖြင့် ဖြည့်စွက်လိုက်ပါက ရဲတပ်ဖွဲ့ဝင် များကို မတရားအတင်းထောင်ထဲပို့ရာရောက်ရှိသွားနိုင်သဖြင့် ရဲတပ်ဖွဲ့ဝင်များကလည်း ဝန်ထမ်းက လည်းကျွန်တော်တို့ ပြည်သူများသားဖြစ်၍ ထိုပြင်ဆင်ရန် တင်ပြချက်ကို အသစ်ဖြည့်စွက်ရန် မသင့် ပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ) အသစ်ဖြည့်စွက်ချက်နဲ့စပ်လျဉ်းပြီး တော့ ရဲတပ်ဖွဲ့ဝင်များရဲ့ လုပ်ဆောင်မှုတွေဟာ လုပ်ထုံးလုပ်နည်းများနှင့်မညီညွတ်ပါက အရေးယူရန် တည်ဆဲမူးယစ်ဥပဒေပုဒ်မ ၁၈ မှာ ပါရှိပြီးဖြစ်တဲ့အပြင် ၎င်းဥပဒေကို ပြင်ဆင်ပြောင်းလဲမှုမရှိကြောင်း လည်းတွေ့ရှိရပါတယ်။ ဒါ့အပြင် ရဲတပ်ဖွဲ့ဝင်များရဲ့ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ အဂတိလိုက်စား မှု တိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာဥပဒေတို့နှင့်လည်း ငြိစွန်းပါက အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါ ကြောင်းလည်း ပါရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ယခုဖြည့်စွက်ချက်ကို ထည့်သွင်းရန်မလိုတဲ့အပြင် ထည့်သွင်းခြင်းအားဖြင့်လည်း ပြစ်မှုပေါ်ပေါက်မှုအပေါ်မှာ မည်သည့်ဥပဒေဖြင့် အရေးယူရမည်ကို ခွဲခြားရန် ခက်ခဲပြီးတော့ ရှုပ်ထွေးလာနိုင်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေအရ အသစ်ထပ်မံဖြည့်စွက်ရန် မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)နှင့်စပ်လျဉ်းပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူး ကြီး ညီညီလွင်က အသစ်ဖြည့်စွက်ရန်တင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီက အသစ်ဖြည့်စွက်ချက်ကို

သဘောမတူကြောင်း တင်ပြထားပါတယ်။ ဒါကြောင့် ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့ နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါ့မယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီ ရဲ့တင်ပြချက်ကအတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးညီညီလွင်ရဲ့ တင်ပြချက် က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသစ်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံ ဆန္ဒမဲပေါင်း ၂၆၆ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၂၈ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၃ မဲဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ကို ဥပဒေကြမ်းကော်မတီရဲ့သဘောမတူကြောင်းတင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက် အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာ ဖြစ်ပါ တယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်(သောကြာနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နေ့လယ် ၁၂ နာရီအချိန်တွင်ရပ်နားပါသည်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ (၁၅.၁၁.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး
(ကလေး မဲဆန္ဒနယ်)



ဦးမြင့်လွင်
(တွံတေး မဲဆန္ဒနယ်)



ဒေါက်တာခင်မောင်မောင်
(ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်)



ဦးနေလင်းထွန်း
( ဘုတ်ပြင်း မဲဆန္ဒနယ်)



ဒေါက်တာ ဝင်းမြတ်အေး
(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီး)



ဗိုလ်ချုပ်အောင်စိုး
(ပြည်ထဲရေး ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်